# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၂၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၆၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၅

ငြိမ်းချမ်းရေးဖိုရမ် –Peace Forum 2025 **“ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့”** သုံးသပ်ဆွေးနွေးပွဲဖွင့်ပွဲကို နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်


*စာမျက်နှာ ၃ ကော်လံ ၁* ❑




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲ အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အနုပညာရှင်များ၏ “စိမ်းလန်းအတွေးရည် ငြိမ်းချမ်းတေးပန်းချီ” တိုင်းရင်းသားပေါင်းစုံ တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

❑ *ရွှေဖုံးမှ*

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဝင်များ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ ပြည်တွင်း၊ ပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ သံတမန်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

**ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေး**

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “စိမ်းလန်းအတွေးရည် ငြိမ်းချမ်းတေးပန်းချီ” တိုင်းရင်းသားပေါင်းစုံ တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

**တစ်ဦးချင်း မိတ်ဆက်ပေး**

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသည့် ပြည်ပဧည့်သည်တော်ပညာရှင်များအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 “ ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

**အဖွင့်အမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ အဖွင့်မိန့်ခွန်းအား စာမျက်နှာ – ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားရာတွင် ယခုဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးကိုအခြေခံသည့် ပြဿနာ၊ ငြိမ်းချမ်းရေးကိုအခြေခံသည့် ပြဿနာများဖြစ်ကြောင်း၊ နိုင်ငံရေးအခြေခံတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးဟူ၍ နှစ်ပိုင်း တွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးသည့်အချိန်တွင် ပါလီမန်ဒီမိုကရေစီစနစ်ကိုကျင့်သုံးခဲ့ကြောင်း၊ ၎င်းအချိန်ကတည်းကပင် မြန်မာနိုင်ငံသည် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရန် ရည်မှန်းချက်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံး သမ္မတ စဝ်ရွှေသိုက်၏ လွတ်လပ်ရေးမိန့်ခွန်းတွင် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရန် အတိအလင်းပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် ဆိုရှယ်လစ်စနစ်ကို စတင်ကျင့်သုံးခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်မူ မိမိတို့နိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရန်အတွက် ပြင်ဆင်မှုများကို တပ်မတော်က ဦးဆောင်ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ ရှိခြင်းကြောင့် အသွင်ကူးပြောင်းမှုကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အဆိုပါ လက်နက်ကိုင်ပဋိပက္ခများ ယနေ့တိုင် ချုပ်ငြိမ်းခြင်းမရှိခြင်းကြောင့်လည်း ယခုကဲ့သို့အခြေအနေများ ဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း။

**နိုင်ငံရေးအရ အကောင်းဆုံးဖြေရှင်းခြင်းပင်ဖြစ်**

မိမိတို့အနေဖြင့် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့် ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ လွှတ်တော်ခေါ်ယူဆောင်ရွက်ခြင်းသည် နိုင်ငံရေးအရအကောင်းဆုံးဖြေရှင်းခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုနှစ်ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

**သမိုင်းကြောင်းကိုလည်း ပြန်ကြည့်ရန်လို**

ဖက်ဒရယ်အခွင့်အရေးနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်အခွင့်အရေးများပေးထားသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကိုလည်း ပြန်ကြည့်ရန်လိုကြောင်း၊ *စာမျက်နှာ ၄ သို့*

❖ **မိမိတို့အနေဖြင့် ယခုနှစ် ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပဆောင်ရွက်ပေးသွားမည်ဖြစ်၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်**

❖ **မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ**










နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော်ပညာရှင်များအား တစ်ဦးချင်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

တိုင်းရင်းသားအခွင့်အရေးများ၊ နိုင်ငံရေးအရ တောင်းဆိုမှုများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြင်ဆင်ရန်လိုအပ်သည်များကို မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများ၏ ဆန္ဒနှင့်အညီ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်အစိုးရများလက်ထက်က ငြိမ်းချမ်းရေးညီလာခံရလဒ်များကို ပြည်ထောင်စုသဘောတူညီချက်(Union Accord) အဖြစ်စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း၊ ရွေးကောက်ပွဲအပြီး လွှတ်တော်များ ပေါ်ပေါက်လာပါက ၎င်းလုပ်ငန်းစဉ်ကို ပြန်လည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု ငြိမ်းချမ်းရေးဖိုရမ်အပါအဝင် မိမိတို့လက်ထက် ဆွေးနွေးမှုရလဒ်များကိုလည်း လွှတ်တော်သို့ တင်ပြဆုံးဖြတ်သွားရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားစွာဖြင့်ဆောင်ရွက်ပြီး တိုင်းပြည်ကောင်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးရှိ ပြည်သူများအားလုံး အနေဖြင့်လည်း ယခုကဲ့သို့ စိတ် သဘောထားရှိမည်ဟု ယုံကြည်ကြောင်း၊ အလားတူ ယခုဖိုရမ်သို့ တက်ရောက်လာကြသည့် ပြည်ပမှ ပညာရှင်များနှင့် သံတမန်များအားလုံးအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ပေးမည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် ကောင်းကျိုးများ ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်သည့် ယခုဖိုရမ်သည် အောင်မြင်သည့် ဆွေးနွေးမှုများရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

**အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌက ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော်ပညာရှင်များအား တစ်ဦးချင်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ "စစ်မီးလည်းငြိမ်း မြက်ခင်းစိမ်း၍ ငြိမ်းချမ်းတေးများ ချိုလွင်စေ" ဟူသည့် ငြိမ်းချမ်းရေးကြိုးပမ်းမှု Video Clip ကို ကြည့်ရှုကြသည်။

**အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 **"ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့"** သုံးသပ်ဆွေးနွေးပွဲ အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**အလွတ်သဘော ကျယ်ပြန့်စွာဆွေးနွေး**

အဆိုပါငြိမ်းချမ်းရေးဖိုရမ်ကို နိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် ပြည်တွင်း၊ ပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နယ်ပယ်ကဏ္ဍအသီးသီးမှ တက်ရောက်လာကြသူများက အမြင်သဘောထားများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ခြင်းများကို အလွတ်သဘော ကျယ်ပြန့်စွာဆွေးနွေးကြပြီး ရရှိလာသည့်အကြံပြုချက်များကို ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်သင့်သည်များအား ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် ရည်ရွယ်၍ ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိပြီး လက်နက်ကိုင်အဖွဲ့အစည်းအားလုံးက မိမိတို့ရဲ့လိုလားချက်တွေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာရေး အားပေးဆောင်ရွက်

## ငြိမ်းချမ်းရေးဖိုရမ် (Peace Forum 2025) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့်အဖွင့်မိန့်ခွန်း

( ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

**အားလုံးပဲ မင်္ဂလာပါ**

ဒီကနေ့ကျင်းပတဲ့ ငြိမ်းချမ်းရေးဖိုရမ် (Peace Forum 2025) ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ဧည့်သည်တော်များ၊ နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များ၊ ဖိုရမ်မှာပါဝင်ဆွေးနွေးကြမယ့် ပြည်တွင်းပြည်ပ ပညာရှင်များ၊ နိုင်ငံရေးပါတီများမှတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနဲ့ တက်ရောက်လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ကစပြီး ကျင်းပမယ့် ငြိမ်းချမ်းရေးဖိုရမ်ဟာ နိုင်ငံတကာက ပညာရှင်ကြီးများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ပုဂ္ဂိုလ်များ ကိုယ်တိုင် ပါဝင်တက်ရောက်ဆွေးနွေးတဲ့ပွဲဖြစ်လို့ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုမှာ ထူးခြားတဲ့သမိုင်းမှတ်တိုင်တစ်ခုဖြစ်တယ်ဆိုတာကို ပြောကြားလိုပါတယ်။

ယခုကျင်းပတဲ့ ဆွေးနွေးပွဲကနေတစ်ဆင့် ကျွန်တော်တို့ နိုင်ငံအတွက် အဓိကလိုအပ်နေတဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာ၊ သုံးသပ်အကြံပြုချက်တွေ ပြုလုပ်သွားကြမှာဖြစ်တဲ့အတွက် ဒီဖိုရမ်ကနေ ကျွန်တော်တို့နိုင်ငံရဲ့ ရေရှည်တည်တံ့ ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့ အထောက်အကူဖြစ်စေလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။

**ကြွရောက်လာကြတဲ့ဧည့်သည်တော်များခင်ဗျာ...**

ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးနဲ့အတူ ပြည်တွင်း လက်နက်ကိုင်ပြဿနာကလည်း ဒွန်တွဲပါလာခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီပြဿနာကို ခေတ်အဆက်ဆက်အစိုးရတွေကလည်း တတ်နိုင်သမျှ သူ့နည်းသူ့ဟန်နဲ့ ဖြေရှင်းဆောင်ရွက်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရရှိပြီးချိန်မှာ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပေမယ့် နိုင်ငံတော်ရဲ့သမိုင်းကြောင်းအခြေအနေများအရ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီက နိုင်ငံတော်တာဝန်များကိုရယူပြီး ဆိုရှယ်လစ်စနစ်တစ်နည်းအားဖြင့် ဗဟိုဦးစီးအစိုးရစနစ်ကို ပြောင်းလဲလျှောက်လှမ်းပြီး ၁၉၈၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကူးပြောင်းဖို့ ပြည်သူများရဲ့တောင်းဆိုချက်အရ ၁၉၈၈ ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ ဒီမိုကရေစီကူးပြောင်းရေးကို တစ်ဆင့်ပြီးတစ်ဆင့် အသားကျဖြစ်အောင် လုပ်ဆောင်ခဲ့ပါတယ်။ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်တို့ကို တဖြည်းဖြည်းချင်း ပြောင်းလဲခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်ရဲ့အခြေအနေအရပ်ရပ်နဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အတည်ပြု ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပြည်သူတွေ လိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ၂၀၁၁ ခုနှစ်မှာ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းနဲ့ အောင်မြင်စွာ ကူးပြောင်းပေးနိုင်ခဲ့ပါတယ်။ ဒါကိုကြည့်ရင် တပ်မတော်အနေနဲ့ ဒီမိုကရေစီစနစ်ကို ယခင်ကတည်းက အလေးထား ဖော်ဆောင်ပေးခဲ့တယ်ဆိုတာကို ပြန်လည်အမှတ်ရစေလိုပါတယ်။

တပ်မတော်အနေနဲ့ ၂၀၁၅ ခုနှစ် NCA စာချုပ်ကြီးပေါ်ပေါက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ် (Peace Forum 2025) ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

လာတာနဲ့တစ်ပြိုင်တည်း ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကိုချမှတ်ပြီး ယနေ့တိုင် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ချမှတ်လိုက်နာဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးမူဝါဒတွေဟာ NCA စာချုပ်ရဲ့အနှစ်သာရတွေဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုတွေကရရှိလာတဲ့ **"အသိတရား"** တွေဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လိုက်နာလုပ်ဆောင်ရမယ့် **"အရှိတရား"**တွေဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလမှာ ငြိမ်းချမ်းရေးညီလာခံကို (၂၁) ရာစုပင်လုံအဖြစ် အမည်ပြောင်းလဲနိုင်ရေးဆောင်ရွက်ခဲ့တာကိုလည်းတွေ့ပါတယ်။ ဒီလိုပြောင်းလဲမှုက သမိုင်းကြောင်းအရ အခက်အခဲတွေ ရှိလာနိုင်တဲ့အတွက် အသိပေးမှုတွေ ဆောင်ရွက်ခဲ့ရပါတယ်။ အဲ့ဒီကာလတုန်းက တပ်မတော်အနေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အတတ်နိုင်ဆုံး လိုက်လျောဆောင်ရွက်ပေးခဲ့ပါတယ်။ အရပ်ဘက် စစ်ဘက် ဆက်ဆံရေးကို မြှင့်တင်နိုင်ဖို့ ကျွန်တော်တို့ ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမယ့် အဲ့ဒီအချိန်က လွှတ်တော်နဲ့ အစိုးရအနေနဲ့ ဥပဒေနဲ့ မညီညွတ်တဲ့ ပြောဆိုမှုတွေ၊ ပြဋ္ဌာန်းချက်တွေကို အတည်ပြုခဲ့ပြီး ဥပဒေနဲ့ မညီညွတ်တဲ့ ကိစ္စရပ်များစွာ လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီမိုကရေစီ ဒုတိယအစိုးရလက်ထက်မှာ ဒီမိုကရေစီလမ်းကြောင်းနဲ့ လွဲချော်ပြီး လက်ရှိအခြေအနေကို ရောက်ခဲ့ရတာ အားလုံးအသိပဲဖြစ်ပါတယ်။

**ကြွရောက်လာကြတဲ့ဧည့်သည်တော်များခင်ဗျာ...**

ကျွန်တော်တို့နိုင်ငံရဲ့ အန္တိမမျှော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ **"ပြည်ထောင်စုနိုင်ငံ"** ထူထောင်နိုင်ဖို့ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာက လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခံစားစေခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဖက်ဒရယ်ဆိုတာ မတူကွဲပြားတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေနဲ့ လူမျိုးစုတွေ စုစည်းလုပ်ကိုင်ရာကနေ လုပ်ပိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်းနဲ့ မျှဝေခံစားခြင်းတို့ပဲဖြစ်ပါတယ်။

ဒါကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ဖို့အတွက် ယခုနှစ်အကုန်ပိုင်းမှာကျင်းပမယ့် ရွေးကောက်ပွဲမှာ လက်ရှိကျင့်သုံးနေတဲ့ မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)အပြင် အချိုးကျကိုယ်စားပြုစနစ် (PR) စနစ်ကိုလည်း ပေါင်းစပ်ကျင့်သုံး သွားမယ်လို့ ကျွန်တော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်မနေ အကောင်အထည်ဖော်ပေးမှာ ဖြစ်ပါတယ်။ စတင်တာဝန်ယူကတည်းက ရှေ့လုပ်ငန်းစဉ်အမှတ်စဉ်(၅)မှာလည်း ထည့်သွင်းချမှတ်ထားပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ အစိုးရက မူလရည်မှန်းထားတဲ့အတိုင်း ရွေးကောက်ပွဲကို ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။

အထွေထွေရွေးကောက်ပွဲ ပြုလုပ်တယ်ဆိုရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နိုင်ရင် အကောင်းဆုံးပဲဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၁၀၊ ၂၀၁၅ နဲ့ ၂၀၂၀ ရွေးကောက်ပွဲကာလတွေတုန်းကလည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွေကို ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဖဆပလခေတ်တုန်းကလည်း အခက်အခဲတွေကြားကနေ ဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ အခုလည်း ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲကို ဖြစ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်ဖို့အတွက် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေကို အလေးထားဆောင်ရွက်နေပါတယ်။ အဓိကကတော့ ရွေးကောက်ပွဲဟာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့လိုပါတယ်။

ယခုလက်ရှိအခြေအနေမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်အသီးသီးရဲ့ ရွေးကောက်ပွဲဥပဒေများအရ ရွေးကောက်ပွဲနဲ့ လွှတ်တော်အသီးသီး ခေါ်ယူကျင်းပခြင်းတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ရွေးကောက်ပွဲကျင်းပဖို့အတွက် အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ အဆုံးအဖြတ်နဲ့ ဆောင်ရွက်နိုင်တာကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မူလရည်မှန်းထားခဲ့တဲ့အတိုင်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ရွေးကောက်ပွဲကျင်းပပြီးတော့ ပြည်သူက ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရကို နိုင်ငံတော်အာဏာ လွှဲပြောင်းပေးမှာဖြစ်ပါတယ်။

ရွေးကောက်ပွဲကျင်းပနိုင်ရေးဟာ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေပေါ်မှာ အများကြီး မူတည်ပါတယ်။ ရွေးကောက်ပွဲကျင်းပပြီးရင် ဥပဒေနဲ့အညီ လွှတ်တော်အသီးသီးပေါ်ပေါက်လာပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ရှေးရှုဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ဖို့ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လွှတ်တော်ပေါ်ပေါက်လာပြီး ကျွန်တော်တို့သွားချင်တဲ့ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်တဲ့အချိန်အခါမျိုးမှာ လက်နက်စွဲကိုင်ပြီး မိမိတို့လိုချင်တာကို တောင်းဆိုတာမျိုး၊ လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာနဲ့ မိမိတို့ရဲ့ဆန္ဒကိုသာ ဦးစားပေးလုပ်ဆောင်ဖန်တီးနေတာမျိုးတွေဟာ ဒီမိုကရေစီနဲ့ သွေဖည်နေတယ်၊ မှန်ကန်တဲ့လမ်းစဉ်မဟုတ်ဘူးဆိုတာကိုလည်း အလေးအနက်သတိပြုကြစေလိုပါတယ်။ မိမိတို့လိုလားချက်များကို လွှတ်တော်အသီးသီးမှာ ဆွေးနွေးဆုံးဖြတ် အတည်ပြုဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၆ သို့*

- ❑ **ယခုလက်ရှိအခြေအနေမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်အသီးသီးရဲ့ ရွေးကောက်ပွဲဥပဒေများအရ ရွေးကောက်ပွဲနဲ့ လွှတ်တော်အသီးသီး ခေါ်ယူကျင်းပခြင်းတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရ**
- ❑ **ရွေးကောက်ပွဲကျင်းပဖို့အတွက် အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ အဆုံးအဖြတ်နဲ့ ဆောင်ရွက်နိုင်တာကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထား**
- ❑ **မူလရည်မှန်းထားခဲ့တဲ့အတိုင်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ရွေးကောက်ပွဲကျင်းပပြီးတော့ ပြည်သူက ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရကို နိုင်ငံတော်အာဏာ လွှဲပြောင်းပေးမှာဖြစ်**

*စာမျက်နှာ ၅ မှ*

**ကြွရောက်လာကြတဲ့ဧည့်သည်တော်များခင်ဗျာ...**

ဒီမိုကရေစီဖော်ဆောင်ကျင့်သုံးရာမှာ ကမ္ဘာ့နိုင်ငံတချို့ရဲ့ ဖြစ်စဉ်တွေအပေါ် သင်ခန်းစာရယူပြီး ပုံဖော်ဆောင်ရွက်သွားဖို့ လိုပါတယ်။ ကမ္ဘာပေါ်မှာ ဒီမိုကရေစီစနစ်ကို နိုင်ငံအများက ကျင့်သုံးကြရာမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပုံစံတွေတူညီမှုမရှိကြပါဘူး။ အနောက်ဥရောပနိုင်ငံတွေမှာတောင်မှ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကျင့်သုံးမှုပုံစံ မတူညီပါဘူး။ အလားတူ ကျွန်တော်တို့ အာရှနိုင်ငံတွေမှာလည်း တူညီမှုမရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီစနစ် ကျင့်သုံးရာမှာ အခြားနိုင်ငံတွေကို ပုံတူကူးချသွားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှု စရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ ကျွန်တော်တို့မြန်မာတွေဦးစီးပြီး ဖော်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

ဒီလိုဖော်ဆောင်ရာမှာ နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး အားလုံးစုဖွဲ့ လုပ်ကိုင်ဆောင်ရွက်သွားကြမယ်ဆိုရင် ထိရောက်အောင်မြင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ကျွန်တော်တို့နိုင်ငံမှာ အခုမှကျင့်သုံးတာမဟုတ်ပါဘူး။ လွတ်လပ်ရေးရပြီးစကာလမှာ ပါလီမန်ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအချိန်မှာလည်း အခက်အခဲပေါင်းစုံနဲ့ တွေ့ကြုံခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁ ခုနှစ်မှာ စတင်တာဝန်ယူခဲ့တဲ့ ဒီမိုကရေစီ ပထမအစိုးရလက်ထက်မှာလည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာ ဆက်ဆံရေးနဲ့ အခြားကဏ္ဍပေါင်းစုံမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နိုင်ခဲ့ပေမယ့် စိန်ခေါ်မှုအများအပြား ကြုံတွေ့ခဲ့ရပါတယ်။ ဒါတွေကို သင်ခန်းစာရယူပြီး မိမိတို့နိုင်ငံနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့ လိုအပ်တယ်လို့ ပြောရခြင်းပဲ ဖြစ်ပါတယ်။

**ကြွရောက်လာကြတဲ့ဧည့်သည်တော်များခင်ဗျာ...**

နိုင်ငံတော်အနာဂတ်အတွက် ပညာတတ်များရှိဖို့ လိုအပ်ပါတယ်။ ပညာရေးမှာ အားနည်းရင် အတွေးအခေါ်လွဲမှားမှု၊ အယူအဆ လွဲမှားမှုတွေ ဖြစ်လာတယ်လို့ သုံးသပ်ရပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးမှာ ပညာတတ်များရှိမှသာ နိုင်ငံ့အနာဂတ် ကောင်းမွန်စိတ်ချရမှာဖြစ်ပါတယ်။ ဒါကြောင့် ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ ပညာရေးစနစ်တွေကို ပြန်လည်လေ့လာသုံးသပ်ပြီး လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ မြှင့်တင်ပြီး အားပေးဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ယနေ့ခေတ်ကာလအခြေအနေအရ ယခုကာလမှာ လူငယ်လူရွယ်တွေဟာ အနည်းဆုံး KG+9 အဆင့်အထိ သင်ကြားတတ်မြောက်ပြီးဖို့ လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒီမိုကရေစီဖော်ဆောင်နိုင်ဖို့အတွက်“**တည်ငြိမ်အေးချမ်းမှု**”ဟာ အရေးကြီးတဲ့လိုအပ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ ဆန္ဒကတိုင်းရင်းသားပြည်သူအားလုံးအတွက် ညီညွတ်မျှတတဲ့ လူမှုစီးပွားဘဝလုံခြုံရေးနဲ့အာမခံချက်ရရှိရေးတို့ကသာ အဓိကဖြစ်ပါတယ်။ အေးချမ်းစွာနေထိုင်ပြီး ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်မှုကိုရရှိမှာပဲ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်ဖို့ဆိုတာ ကျွန်တော်တို့အနေနဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံပြီး ရိုးသား ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြဖို့ အမှန်တကယ် လိုအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လမ်းကြောင်းကို အဓိကကိုင်စွဲပြီး လျှောက်လှမ်းလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာလည်း ပြည်ပစွက်ဖက်မှုမရှိဖို့လိုသလို ပြည်တွင်းက အဖျက်အမှောင့်ပယောဂတွေ ကင်းကင်းရှင်းရှင်းနဲ့ လုပ်ဆောင်နိုင်ဖို့လည်းလိုပါတယ်။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ် အရင်းခံပြီး နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိ အောင်မြင်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ အပြည့်အဝ ယုံကြည်ထားပါတယ်။

နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများနဲ့ သဟဇာတဖြစ်နေဖို့ လိုအပ်တာမှန်ပေမယ့်လည်း ဩဇာခံဖြစ်မသွားဖို့ကိုတော့ အထူးသတိပြုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သမိုင်းကြောင်းနောက်ခံများအရ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ (၅) ချက်နဲ့အညီ စောင့်ထိန်းလိုက်နာလျက်ရှိပါတယ်။ ခွဲခြားလို့မရတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့လည်း သဟဇာတဖြစ်တဲ့ ဆက်ဆံမှုရှိဖို့လိုအပ်သလို မိမိတို့နိုင်ငံရဲ့ တည်ဆဲဥပဒေတွေကိုလည်း လိုက်နာတန်ဖိုးထားကြဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

**ကြွရောက်လာကြတဲ့ဧည့်သည်တော်များခင်ဗျာ...**

ကျွန်တော်တို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူပြီးတာနဲ့တစ်ပြိုင်တည်း အရင်ဆုံးဦးစားပေးဆောင်ရွက်ခဲ့တာကတော့ ထာဝရငြိမ်းချမ်းရေးပါပဲ။ ဒါ့ကြောင့် ငြိမ်းချမ်းရေးအတွက် ကော်မတီတွေကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကစပြီး လက်ရှိအချိန်ထိ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးကို အမြဲတမ်းလမ်းဖွင့်ထားပြီး ကြိုတင်သတ်မှတ်ချက်တွေ မရှိတဲ့ ဆွေးနွေးပွဲတွေအတွက် ဖိတ်ခေါ်ကမ်းလှမ်းမှုတွေ၊ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ခဲ့တာကို အားလုံးသိမြင်ပြီးသား ဖြစ်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ မိမိတို့ရဲ့ဆန္ဒနဲ့ မိမိတို့အဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်တဲ့ ပြည်ထောင်စုနဲ့ တိုင်းရင်းသားပြည်သူများအားလုံးရဲ့ အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်နဲ့ ရှုမြင်သုံးသပ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကို ရေးရှုတွေးမြင်လုပ်ဆောင်ကြဖို့ ကျွန်တော့်အနေနဲ့ အလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး သဘောထားကွဲလွဲမှုတွေ ရှိနိုင်ပါတယ်။ ဒါပေမယ့်လည်း ကိုယ်စီလိုလားချက်တွေကို လက်နက်ကိုင်တဲ့လမ်းစဉ်နဲ့ တောင်းဆိုနေကြတာကတော့ မှားယွင်းတဲ့လမ်းစဉ် ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းကြမှသာ အမှန်ကန်ဆုံးပဲဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ မိမိတို့ရဲ့လိုလားချက်တွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ဖို့အတွက် အားပေးဆောင်ရွက်သွားကြဖို့ ပြောကြားလိုပါတယ်။ ဒါမှသာ ကျွန်တော်တို့ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီနဲ့ ကျွန်တော်တို့ ရည်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ ရည်မှန်းထားတဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့ လုပ်ဆောင်ရာမှာ ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ အသက်တမျှ အရေးကြီးလှပါတယ်။ လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့ရတဲ့ ဆုံးရှုံးနစ်နာမှုတွေကို ထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတွေနဲ့အတူ လက်တွဲဖော်ဆောင်ကြဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေ၊ အကြမ်းဖက် PDF အဖွဲ့တွေအနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်တဲ့ လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းနဲ့ ရွေးကောက်ပွဲလမ်းကြောင်းတွေကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက်လည်း အကြိမ်ကြိမ် ဖိတ်ခေါ်ကမ်းလှမ်းထားခဲ့ပါတယ်။ နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးခြင်းနဲ့သာ အဖြေရှာနိုင်မှာဖြစ်တာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ထားပါကြောင်း ဒီဖိုရမ်ကနေ ထပ်ဆင့်အသိပေးပြောကြားလိုပါတယ်။

**ကြွရောက်လာကြတဲ့ဧည့်သည်တော်များခင်ဗျာ...**

ဒီနေ့ကျင်းပမယ့် ဖိုရမ်မှာ ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းမျိုးစုံကပုဂ္ဂိုလ်အားလုံးပါဝင်ကြပါတယ်။ ဒီဖိုရမ်ကို အားလုံးပါဝင်တဲ့ အမျိုးသားအဆင့် ဆွေးနွေးပွဲ(Inclusive National Dialogue)တစ်ရပ်ဖြစ်စေဖို့အတွက် ကျွန်တော်တို့ဘက်က ငြိမ်းချမ်းရေးမှာ ပါဝင်ပတ်သက်သူအားလုံးကို ဖိတ်ကြားခဲ့ပါတယ်။ ဒါပေမယ့်လည်း တချို့တလေအကြောင်းအမျိုးမျိုးကြောင့် မလာနိုင်ကြပါဘူး။ ကျွန်တော်တို့ကတော့ နိုင်ငံနဲ့ ပြည်သူလူထုရဲ့ မျက်နှာကိုကြည့်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတမ်းလက်ကမ်းကြိုဆိုပါတယ်။ သက်ဆိုင်သူအားလုံးပါဝင်နိုင်ပြီး စောနိုင်သမျှစောပြီး ဆွေးနွေးနိုင်ရင် နိုင်ငံအတွက် ပိုမိုကောင်းမှာဖြစ်လို့ တွေ့ဆုံဆွေးနွေးရေးအတွက် ထပ်မံဖိတ်ခေါ်အပ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတာ ပုံသေသတ်မှတ်ပြဋ္ဌာန်းထားနိုင်တဲ့အရာမဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ရရှိပေါက်ဖွားလာတဲ့ ရလဒ်ကောင်းတွေနဲ့ ဖော်ဆောင်ကြရမှာသာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး အရင်ဆုံးတွေ့ဆုံဆွေးနွေးကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့အားလုံး ကိုယ်စီကိုယ်စီ တာဝန်ရှိကြတာပဲ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးတံခါးကို ကျွန်တော်တို့အနေနဲ့ အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိနေပါတယ်။ ဒါကြောင့် လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးက မိမိတို့ရဲ့လိုလားချက်တွေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာရေးကို အားပေးဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ “**လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိစေဖို့အတွက် တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းပေါ်မှာ အတူတကွ လက်တွဲလျှောက်လှမ်းကြပါစို့**”လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 ကျင်းပ

**နေပြည်တော် ဇွန် ၂၅**

“ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့ ” သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




ငြိမ်းချမ်းရေးဖိုရမ်သို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ စုစုပေါင်း ၂၅၉ ဦး တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပကတိအခြေအနေကို သိမြင်ပြီး နိုင်ငံသားအားလုံးက မိမိတို့နိုင်ငံတည်ဆောက်ရေးတွင် တစ်တပ်တစ်အားပါဝင်၍ တွေ့ကြုံလာသည့် အခက်အခဲများကိုလည်း နိုင်ငံသားအချင်းချင်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပေါင်းစပ်ဆောက်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အချင်းချင်း အမြင်တူသည်များကို စုပေါင်းလုပ်ဆောင်၍ အမြင်မတူသည်များကို ညှိနှိုင်းဖြေရှင်းကြရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၇ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်( EEF 2025)သို့ တက်ရောက်ရန် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် ဇွန် ၂၅

**EAEU ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ မင့်စ်မြို့၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

### တိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ခြင်း၊ EAEU၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံသမ္မတနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ဥရောပ-အာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် Eurasian Economic Union – EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၁) Mr. Lukashevich Sergey Vladimirovich နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့် မင့်စ်မြို့ရှိ မြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

### ဂုဏ်ပြုကြိုဆို

လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များအားကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ရန် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ထွက်ခွာရာ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များအားကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။

---

*စာမျက်နှာ ၆ မှ*

နိုင်ငံတော်၏ အကျိုးစီးပွားကို ဘုံရည်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်ရေးသည် အလွန်အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အရေးပါသော အကြံဉာဏ်များနှင့် အကူအညီများပေးနိုင်သည့် နိုင်ငံတကာမှမိတ်ဆွေများ ပူးပေါင်းပါဝင်လာရေးသည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ကြီးမားသည့်အထောက်အပံ့ တစ်ခုဖြစ်ကြောင်း၊ ယခုနှစ်ကုန်တွင် ကျင်းပမည့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲအလွန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်ပြီး လက်တွေ့ကျသည့် နည်းဗျူဟာများကို ဖိုရမ်တွင် ဖော်ထုတ်နိုင်ကြမည်ဟု ယုံကြည်ထားသည့်အပြင် တန်ဖိုးမဖြတ်နိုင်သည့် အကြံဉာဏ်ကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

ငြိမ်းချမ်းရေးဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" နှင့်အညီ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် လွတ်လပ်၍ တရားမျှတသော ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲများမှတစ်ဆင့် စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် မြန်မာနိုင်ငံတော်တည်ဆောက်ရန်အတွက် လိုအပ်သော အခြေခံအုတ်မြစ်များ ခိုင်မာလာစေရေးတို့အတွက် မည်ကဲ့သို့ ဆောင်ရွက်သင့်သည်များကို လေ့လာဆန်းစစ်ပြီး ပြည်သူကိုဗဟိုပြုသော ခိုင်မာသည့် လမ်းကြောင်းများကို ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် Peace Forum မှတစ်ဆင့် ရည်ရွယ်ချက် ၄ ရပ်ဖြစ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို မြှင့်တင်နိုင်ရန်၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်ရန်၊ လူသားချင်း စာနာမှုအကူအညီများနှင့် လူမှုစီးပွားဘဝစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရန်တို့အတွက် ထပ်ဆင့်အကျိုးဖြစ်ထွန်းစေရန်လည်း မျှော်လင့်ပါကြောင်း၊ မိမိတို့နိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် စုပေါင်းအဖြေရှာ ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ဆန္ဒ၊ အကျိုးစီးပွားထက် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံခြားဧည့်သည်တော်ပညာရှင်များဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ၊ အိန္ဒိယနိုင်ငံမှ သံအမတ်ကြီး (ငြိမ်း) Mr. Jaideep Mazumdar၊ ထိုင်းနိုင်ငံမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး (ငြိမ်း) Mr. Sihasak Phuan-gketkeo ၊ ရုရှားနိုင်ငံမှ Professor Aleksandr Gelyevich Dugin တို့က ငြိမ်းချမ်းရေးဖိုရမ်နှင့် ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။

ဆက်လက်ပြီး နိုင်ငံခြားဧည့်သည်တော်ပညာရှင်ရှစ်ဦးက "ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ အခွင့်အလမ်းများ"၊ "ပဋိပက္ခအပြီး ပြန်လည်တည်ဆောက်ရေးနှင့် သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးဆိုင်ရာတို့နှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းရမည့် လုပ်ငန်းစဉ်များ" ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသူ ကိုယ်စားလှယ်အသီးသီးက ဆွေးနွေးမေးမြန်းခြင်း၊ အကြံပြုခြင်းများပြုလုပ်ကြကာ ဦးဆောင်ဆွေးနွေးသူများက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ငြိမ်းချမ်းရေးဖိုရမ်မှရရှိလာမည့် အပြုသဘောဆောင်သော အမြင်သဘောထားများ၊ အကြံပြုချက်များကိုသိရှိနားလည်ပြီး ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်သင့်သည်များကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့သို့ရောက်ရှိ၊ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ဆက်လက်ထွက်ခွာ

**နေပြည်တော် ဇွန် ၂၅**

EAEU ၏ အလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် ဘယ်လာရုစ်သမ္မတ နိုင်ငံ သမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ မင့်စ်မြို့၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025) သို့ တက်ရောက်ရန် အတွက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နိုဗာ စီဗစ်မြို့ သာမာရှယ်ဗာလေဆိပ် သို့ ရောက်ရှိရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆို နှုတ်ဆက်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုဗာစီဗစ်မြို့ သာမာရှယ်ဗာ လေဆိပ်သို့ ရောက်ရှိရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr.Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူ များက လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုနှုတ်ဆက် ကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗာ စီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့ သည် မြန်မာနိုင်ငံနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ် ဒေသတို့အကြား၊ အာဆီယံဒေသ တွင်းနိုင်ငံများအကြား စီးပွားရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ လေကြောင်း ပြေးဆွဲမှုများ မြှင့်တင်နိုင်ရေး၊ ခရီး သွား ကဏ္ဍမြှင့်တင်ရေးတို့နှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြ သည်။

တွေ့ဆုံဆွေးနွေးမှု အပြီး တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် အမှတ် တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြ သည်။


### ပို့ဆောင်နှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့သည် နိုဗာစီဗစ်မြို့ သာမာ ရှယ်ဗာလေဆိပ်မှ ဘယ်လာရုစ် သမ္မတနိုင်ငံသို့ ဆက်လက်ထွက် ခွာရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ် ရေးမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက် ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုဗာစီဗစ် ဒေသ အုပ်ချုပ်ရေးမှူး Mr.Travnikov Ahdrey Aleksandrovich တို့ ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။





# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်း နိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည် တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံ တွေ့ဆုံသည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံ နှင့် ထိုင်းနိုင်ငံအကြား နယ်စပ် ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်း မှုလျှော့ချရေး ကိစ္စရပ်များနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်း ရေး ကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် အခြေ အနေများနှင့်ပတ်သက်၍ ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်း သံရုံးမှ တာဝန်ရှိသူများ တက် ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှု ကြည့်ရှု

**နေပြည်တော် ဇွန် ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့မွန်းလွဲ ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများနှင့်အတူ မန္တလေးငလျင် ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက် ပျက်စီးသွားသော ဇေယျာသီရိ မြို့နယ် ကျည်တောင်အုပ်စုရှိ ရှေးဟောင်းသမိုင်းဝင် သာသနာ့ အလင်းရောင် လေှခွင်းတောင် တော် ကိုးမုခ်ပြန်ပတ္တမြားကပ် ကျော်စေတီတော်နှင့် ရင်ပြင်တော် မြေထိန်းနံရံ နိမ့်ကျပျက်စီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေး သည်။

### လိုအပ်သည်များဆောင်ရွက်

ထိုသို့ကြည့်ရှုစဉ် ပြည် ထောင်စုဝန်ကြီးက စေတီတော် ပြန်လည်ပြုပြင်မွမ်းမံရာတွင် SOP နှင့်အညီ ဖြစ်စေရေးအတွက် လိုအပ်သည်များကို မိမိတို့ဝန်ကြီး ဌာနအနေဖြင့် ပေါင်းစပ်ဆောင် ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရှေးမူလလက်ရာအတိုင်း ပြန်လည် ပြုပြင်မွမ်းမံနိုင်ရေး ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသို့တင်ပြ၍ လမ်းညွှန် ချက် ခံယူဆောင်ရွက်ရန်နှင့် အင်ဂျင်နီယာအဖွဲ့၏ လမ်းညွှန်မှု များနှင့်လည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပျဉ်းမနားမြို့ ဘုရားကိုးဆူစေတီတော် ပြန်လည် ပြုပြင်မွမ်းမံနေမှုနှင့် ဆုတောင်း ပြည့် လောကမာရဇိန် စေတီတော် ပြန်လည်ပြုပြင် မွမ်းမံနေမှု တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များ မှာကြား ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဇီဝမျိုးစုံ ကြွယ်စေဖို့၊ သဘာဝတောတွေ ထိန်းသိမ်းစို့။**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃) ၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၅**

မိုးရာသီပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၃)၏ ၂၀၂၅ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အခွန်အယူခံခုံအဖွဲ့ရုံး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ ဒုတိယဝန်ကြီး ဦးထင်ကျော်သူ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အခွန်အယူခံခုံအဖွဲ့ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများက ၂၀၂၅ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာအသီးသီးတွင် နှစ်ရှည်ပင်၊ သီးပင်စားပင်နှင့် ပျိုးပင်ပေါင်း ၂၀၀ တို့ကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုပြီး ပါဝင်စိုက်ပျိုးခဲ့သူများအား အမှတ်တရလက်ဆောင်အဖြစ် Indoor Plant များကို ပေးအပ်သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ငြိမ်းချမ်းမှုရှိပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်စေဖို့၊ ရွေးကောက်ပွဲကျင်းပနိုင်ဖို့နဲ့ ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံတည်ငြိမ်လုံခြုံမှုရှိဖို့က အရေးကြီးပါတယ်

**Mr.Harishchandra Ghimire နီပေါသံအမတ်ကြီး**



Mr.Harishchandra Ghimire



ဦးခေါတိန့်



ဒေါက်တာ ညိုညိုသင်း



Mr.Jaideep Mazumdar



Dr.Lorenzo Pacini

**"ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" ငြိမ်းချမ်းရေးသုံးသပ်ဆွေးနွေးပွဲ (Peace Forum 2025) ကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ဇွန် ၂၅ ရက်မှစတင်၍ သုံးရက်တာ ကျင်းပလျက်ရှိသည်။ အဆိုပါသုံးသပ်ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ သံရုံးများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ လေ့လာသုံးသပ်သူများ ပါဝင်တက်ရောက်ဆွေးနွေးကြပြီး ဆွေးနွေးပွဲ ဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်-**

**Mr.Harishchandra Ghimire**
**နီပေါသံအမတ်ကြီး**

မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့အချက်ကတော့ နိုင်ငံရေးပညာရှင်တွေအားလုံး သက်ဆိုင်ရာကဏ္ဍအားလုံးမှာ ပါဝင်ဖို့ လိုအပ်ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံ ငြိမ်းချမ်းမှုရှိပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်စေဖို့၊ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့နဲ့ ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံတည်ငြိမ်လုံခြုံမှုရှိဖို့က အရေးကြီးပါတယ်။ ဒီနေ့ကျင်းပတဲ့ ဖိုရမ်မှာ နိုင်ငံတကာက ပညာရှင်တွေ၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေက ပညာရှင်တွေ ဖိတ်ကြားပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဆွေးနွေးအကြံပြုကြမယ်လို့ သိရပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက လက်ရှိမြန်မာ့နိုင်ငံရေးရဲ့ လက်ရှိအခြေအနေမှာ ပါဝင်နေပါတယ်။ ဒါကြောင့် နိုင်ငံကို ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်ဖို့က အဓိကဖြစ်တဲ့အတွက် သဘောထားအမြင်တွေ ကွဲပြားမှု ဘယ်လိုရှိနေပါစေ၊ ဒီလို ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်မှာ အားလုံး ပါဝင်ပေးကြဖို့ အရေးကြီးပါတယ်။ ပြီးတော့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ ရွေးကောက်ပွဲလုပ်ငန်းစဉ်အားလုံး ချောမွေ့ဖို့လိုအပ်ပြီး ဒီလိုရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်မှုလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကလည်း ဆက်ပြီး ရှေ့ကိုသွားနိုင်မှာဖြစ်ပါတယ်။

**ဦးခေါတိန့်**
**ပါတီအတွင်းရေးမှူး၊**
**ဒီမိုကရေစီပါတီသစ်(ကချင်)**

ဒီနေ့ကျင်းပတဲ့ ဖိုရမ်က နိုင်ငံတော် ဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ရွေးကောက်ပွဲအတွက် ခြေလှမ်းသစ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်က နိုင်ငံရေးပါတီအနေနဲ့ ပါဝင်ဆွေးနွေးသွားဖို့ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခကြောင့် စီးပွားရေးတွေ ဆုံးရှုံးတယ်။ လူ့စွမ်းအားအရင်းအမြစ်တွေ ဆုံးရှုံးတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်းမှာဆိုရင် လက်နက်ကိုင်အဖွဲ့အစည်းတွေကြောင့် တရားဥပဒေစိုးမိုးမှုမရှိတော့ ပြည်သူတွေက အဲဒီဒဏ်ကို ခါးသီးစွာ ခံစားနေကြရတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေက နယ်မြေတွေကို ထိန်းချုပ်ဖို့ကြိုးပမ်းပြီး ပြည်နယ်အတွင်းမှာရှိတဲ့ သယံဇာတတွေကို တရားမဝင် ထုတ်ယူရောင်းချပြီး လက်နက်တွေ ဝယ်ယူကြတယ်။ ဒေသခံတွေရဲ့ ဘဝကတော့ အတိဒုက္ခရောက်ရတယ်။ ဒါကြောင့် ကျွန်တော်တို့ သဘောထားကတော့ ငြိမ်းချမ်းချင်တယ်၊ တရားဥပဒေစိုးမိုးစေချင်တယ်။ နောက်တစ်ခုက ရွေးကောက်ပွဲ လုပ်စေချင်တယ်။ ရွေးကောက်ပွဲလုပ်မှပဲ ကျွန်တော်တို့ တိုင်းရင်းသားတွေက လွှတ်တော်ကို ရောက်လာပြီး ကျွန်တော်တို့ဒေသရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်မယ်။ ပြည်သူအားလုံးက မဲဆန္ဒရှင်တွေဖြစ်တယ်၊ လက်နက်ကိုင်တိုင်းရင်းသားဖြစ်ဖြစ်၊ တိုင်းရင်းသားပြည်သူ အားလုံးဖြစ်ဖြစ် ဆန္ဒမဲပေးသင့်တယ်။ ဒါမှသာ အချင်းချင်း ပိုယုံကြည်အားကိုးလာမယ်။ လက်ရှိမှာ မဲဆန္ဒရှင်နဲ့ မဲဆန္ဒနယ်တွေ မပျောက်ဆုံးဖို့ပါပဲ။ ဒါကြောင့် တည်ငြိမ်အေးချမ်းဖို့နဲ့ မဲဆန္ဒနယ်တွေ ပျောက်ဆုံးမသွားဖို့ အခုလိုဆွေးနွေးညှိနှိုင်းနေရတာ ဖြစ်ပါတယ်။

**ဒေါက်တာ ညိုညိုသင်း**
**လွှတ်တော်ကိုယ်စားလှယ်ဟောင်း**

ဒီဖိုရမ်က ပြီးခဲ့တဲ့ မတ်လက ကျင်းပတဲ့ Peace Talk ရဲ့ အဆက်ဖြစ်ပါတယ်။ Peace Talk မှာ ရခဲ့တဲ့ တိုးတက်မှုတွေကို အခြေခံပြီး ဒီဖိုရမ်ကို ကျင်းပတာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာပဋိပက္ခတွေက အပစ်အခတ်ရပ်စဲမှုတွေ လုပ်ပေမယ့် မြေပြင်မှာက ပဋိပက္ခတွေ ဆက်ဖြစ်နေတာမို့ ငြိမ်းချမ်းရေးတံခါးကို ဆက်ဖွင့်ထားဖို့ လိုအပ်ပါတယ်။ ဒီလို ငြိမ်းချမ်းရေးတံခါး ဖွင့်ထားပြီး လက်နက်ကိုင် တိုက်ပွဲတွေအစား၊ လက်နက်ကိုင်နည်းလမ်းအစား စကားဝိုင်း ဆွေးနွေးပွဲတွေ ကျင်းပလာနိုင်ဖို့ ရည်ရွယ်ထားတယ်။ ဆွေးနွေးပွဲ စကားဝိုင်းတွေ ဖြစ်လာဖို့အတွက် ဒီနေ့ကျင်းပတဲ့ ဖိုရမ်က အစကနဦး ခြေလှမ်းဖြစ်ပါတယ်။ ပြည်တွင်းမှာဖြစ်နေတဲ့ ပဋိပက္ခတွေကို ပြည်တွင်းအုပ်စုတွေ အားလုံးက ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒါမှသာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ရရှိမှာ ဖြစ်ပါတယ်။

**Mr.Jaideep Mazumdar**
**သံအမတ်ကြီး(အငြိမ်းစား)၊**
**အိန္ဒိယဖောင်ဒေးရှင်း**

ငြိမ်းချမ်းမှုနဲ့ လုံခြုံမှုရှိရင် စီးပွားရေးကလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ လူနေမှုဘဝတွေမြင့်တက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်းဖြစ်လာဖို့ဆိုရင် ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးက အခြေခံအကျဆုံးအချက်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက်လည်း အဓိက အရေးကြီးဆုံးအချက်က ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ဖော်ဆောင်ဖို့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက သူတို့ကို တပ်မတော်အနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အဖွဲ့အစည်းတွေအဖြစ် သတ်မှတ်စေချင်တယ်။ ဒါ့အပြင် သူတို့ရဲ့အခွင့်အရေးကို အပြည့်အဝကာကွယ်နိုင်တဲ့ အခွင့်အရေး ရရှိလိုကြတယ်။ ဖိုရမ်တက်ရောက်လာကြတဲ့ မြန်မာနိုင်ငံနိုင်သားတွေက အိန္ဒိယလိုမျိုး အိမ်နီးချင်းနိုင်ငံတွေအပါအဝင် အတွေ့အကြုံရှိတဲ့နိုင်ငံတွေက ကိုယ်စားလှယ်တွေရဲ့ တင်ပြချက်၊ ဆွေးနွေးချက်တွေကို လေ့လာကြမယ်။ ကျွန်တော်တို့တွေဟာ မြို့ပြစနစ်ဖြစ်ထွန်းမှုတွေ၊ မတူကွဲပြားမှုတွေနဲ့အတူ ဘယ်လိုနေထိုင်သွားကြမလဲဆိုတဲ့ အသိပညာ၊ ဗဟုသုတတွေကို မျှဝေပေးကြမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာကျင်းပမယ့် ရွေးကောက်ပွဲမှာ အားလုံးပါဝင်ပြီး အောင်မြင်တဲ့ရွေးကောက်ပွဲတစ်ရပ် ဖြစ်လာဖို့လည်း မျှော်လင့်ပါတယ်။

**Dr.Lorenzo Pacini**
**Associated Professor SUPDI University-Distance Learning Private University School Zug, Switzerland၊**
**အီတလီနိုင်ငံသား**

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးအတွက် သဘောတူညီထားတဲ့ အချက်တွေကို လေးစားလိုက်နာဖို့ လိုအပ်ပါတယ်။ တူညီတဲ့ နိုင်ငံရေး ရပ်တည်ချက်ရှိဖို့လည်း လိုပါတယ်။ မြန်မာ့ဒီမိုကရေစီစနစ်ဟာ မြန်မာနိုင်ငံနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ပဲ ဖြစ်ရမှာဖြစ်ပါတယ်။ အနောက်နိုင်ငံတွေရဲ့ ဒီမိုကရေစီစနစ်ကို ပုံတူကူးချယူလို့ မရပါဘူး။ နိုင်ငံတကာ ငြိမ်းချမ်းရေးဖော်ဆောင်သူတွေနဲ့ ဒေသတွင်းမိတ်ဖက်နိုင်ငံတွေကိုဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ စကားဝိုင်း ဆွေးနွေးမှုတွေကို ဖော်ဆောင်ရမှာဖြစ်ပါတယ်။ နိုင်ငံတကာ သုတေသီတွေက ဝိုင်းဝန်းအဖြေရှာပြီးတော့ အစိုးရအဖွဲ့ကို သင့်လျော်ကောင်းမွန်တဲ့ အကြံဉာဏ်ကို အထောက်အကူပြုပေးအပ်သွားနိုင်ဖို့ လိုပါတယ်။ ဘက်လိုက်မှုမရှိဘဲ မျှတတဲ့အမြင်တွေကို ဖော်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒီကနေ ဘုံသဘောတူညီချက်တွေကို ချမှတ်သွားရမှာ ဖြစ်ပါတယ်။ ဒါကတော့ နောက်ဆုံးအဖြေတစ်ခုကို ရဖို့အတွက် ပထမခြေလှမ်းဖြစ်ပါတယ်။ ဘုံအကျိုးစီးပွားတွေကပဲ အကောင်းဆုံး အဖြေတစ်ခု ဖြစ်လာပါလိမ့်မယ်။

**သတင်းအဖွဲ့**

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့သို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ထံမှပေးပို့သည့် သဝဏ်လွှာ

(၂၀၂၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူနိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (ကမ္ဘာ့မူးယစ်ဆေးဝါးနေ့) အဖြစ် သတ်မှတ်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးအလွဲသုံးမှု ကင်းစင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၃၈) ကြိမ်မြောက်ရှိပြီ ဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၊ လူမျိုးတစ်မျိုးတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ တစ်ကမ္ဘာလုံးရှိ လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ဆိုးရွားစွာခြိမ်းခြောက်နေသော ပြဿနာတစ်ခုဖြစ်ပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများသည် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု၊ အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့နှင့် နက်ရှိုင်းစွာဆက်စပ်နေကာ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတို့ကိုပါ ထိခိုက်ပျက်စီးစေလျက်ရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများကို ဆိုးရွားစွာထိခိုက်စေပြီး ရာဇဝတ်မှုများလည်း မြင့်တက်လာစေလျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ယခင်က ဘိန်းစိုက်ပျိုးမှုနှင့်ဘိန်းဖြူထုတ်လုပ်မှုသည် မြန်မာနိုင်ငံအတွက် အဓိကပြဿနာတစ်ရပ်ဖြစ်ခဲ့သော်လည်း လက်ရှိတွင် ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါးများ (Synthetic Drugs) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှု ပြဿနာများကိုပါ ရင်ဆိုင်နေရပါသည်။ တစ်ဖက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်များ ကြီးစိုးရာဒေသများတွင် ဘိန်းစိုက်ပျိုးမှု ပြန်လည်မြင့်တက်လာခဲ့ပါသည်။ လူလုပ်မူးယစ်ဆေးဝါးများသည် မည်သည့်နေရာတွင်မဆို ထုတ်လုပ်နိုင်သဖြင့် အုပ်ချုပ်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် မတည်ငြိမ်မှုများရှိသည့် ဒေသများတွင် ထုတ်လုပ်မှုများ မြင့်တက်လျက်ရှိကြောင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးအစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအတွင်း အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိအောင် လုပ်ဆောင်လျက်ရှိပြီး ထိုအခြေအနေများကို အခွင့်ကောင်းယူကာ ဝင်ငွေရလမ်းလွယ်ကူသည့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်မှု မရှိသော်လည်း တရားမဝင် နယ်စပ်ဒေသများမှတစ်ဆင့် အလွယ်တကူဝင်ရောက်လျက်ရှိပြီး ထွက်ရှိလာသော မူးယစ်ဆေးဝါးအများစုသည် နယ်စပ်ဒေသများမှတစ်ဆင့် ဒေသတွင်းနိုင်ငံများနှင့် ဝယ်လိုအားမြင့်မားသည့်နိုင်ငံများသို့ သယ်ဆောင်ရောင်းဝယ်လျက်ရှိသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အုပ်ချုပ်ရေးယန္တရား စနစ်တကျလည်ပတ်နိုင်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် အဓိကအခန်းကဏ္ဍမှပါဝင်သဖြင့် ဒေသခံပြည်သူများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)ကို လက်မှတ်ရေးထိုးပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကာ ထာဝရငြိမ်းချမ်းရေးရရှိစေရန် အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၃၀)ကြိမ်မြောက် အထူးအစည်းအဝေး၏ တိုက်တွန်းချက်များနှင့်အညီ ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် ရေးဆွဲထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမူဝါဒများကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်ကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မိမိဒေသနှင့်ကိုက်ညီသည့် လုပ်ငန်းစီမံချက်များရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဥပဒေများကိုလည်း ခေတ်နှင့်လျော်ညီသည့် ဥပဒေဖြစ်စေရန် ပြန်လည်သုံးသပ်ပြီး ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အလားတူ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၇-၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၂၄ ဖြင့် အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လက်အောက်ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲ ၁၁ ခွဲ၊ တပ်ဖွဲ့စု ၇၁ စု တို့ဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ခေတ်မီရှာဖွေရေးကိရိယာများ ဝယ်ယူတပ်ဆင်ပေးခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းစိုက်ပျိုးသည့်ဒေသများတွင် နှစ်စဉ်ရန်ပုံငွေ အမြောက်အမြား ကုန်ကျခံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့မှ သီးခြားဆောင်ရွက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ ခုနှစ်မှ ၂၀၂၈-၂၀၂၉ ခုနှစ်အထိ ၅ နှစ်တာကာလ ဒုတိယအကြိမ် ရှေ့ပြေးစီမံကိန်းအား ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၅ ရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လမ်းတံတား၊ မီးရရှိရေး၊ အသက်မွေးဝမ်းကျောင်း၊ သာသနာရေး၊ ဆက်သွယ်ရေး၊ အသိပညာပေးရေး၊ ကုန်သွယ်ရေး၊ အသေးစားချေးငွေလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် UNODC နှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးနှင့် လွိုင်လင်မြို့နယ်တို့တွင် ဘိန်းအစားထိုး သစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ ကော်ဖီနှင့်လက်ဖက် စိုက်ပျိုးခြင်းတို့ကို အထူးစီမံကိန်းများအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုဒေသများမှ ထွက်ရှိသည့်ကော်ဖီများကို နိုင်ငံတကာသို့ တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် ၁၅၆.၇၂ တန်၊ ၂၀၂၄ ခုနှစ်တွင် ၁၅၃.၃၆ တန်ကို ပြင်သစ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ အလားတူ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) နှင့်ပူးပေါင်းပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ နောင်တရားဒေသတွင်လည်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ်မှစတင်၍ ကော်ဖီသီးခြောက် ၉.၇ တန်ကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါသည်။

သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့မှ နိုင်ငံတော်အစိုးရ၏ နှစ်စဉ်လျာထားရန်ပုံငွေများဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်း ဆောင်ရွက်လျက်ရှိသည့် မြို့နယ် ၅၆ မြို့နယ်အတွင်း နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း၊ နှစ်ရှည်ပျိုးပင် ဖြန့်ဖြူးခြင်းနှင့်စိုက်ပျိုးခြင်း၊ ဓာတ်မြေသြဇာ/ ပိုးသတ်ဆေး ခွဲဝေပေးခြင်း၊ နှစ်ချင်းစံပြကွက်များ စိုက်ပျိုးခြင်း၊ သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းတို့အား ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာငွေကျပ် ၄၇၃၅၀.၂၈ သန်း ကုန်ကျခံ၍ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မွေးမြူရေးကဏ္ဍစီမံကိန်းများအတွက် ခွဲဝေချထားပေးခဲ့သည့် ပြည်ထောင်စုဘဏ္ဍာငွေ ၅၁.၇၃၄ သန်းဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မူးယစ်စီမံကိန်းဝင်မြို့နယ်များတွင် တိရစ္ဆာန်များ (ကြက်/ဝက်) ထောက်ပံ့ပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အထောက်အကူပြုပညာပေးဟောပြောပွဲများ၊ သင်တန်းများပို့ချခြင်း၊ ပျားမွေးမြူရေးသင်တန်းများပေးခြင်းတို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၎င်းအပြင် ဒုတိယအကြိမ် ရှေ့ပြေးစီမံကိန်းအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာများအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ ၁၄.၆ သန်း အကုန်ကျခံကာ မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများနှင့် တိရစ္ဆာန်များအား ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးစွဲသူများကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် ရှုမြင်သုံးသပ်ပြီး အိပ်ချ်အိုင်ဗွီပိုး ရှိ/မရှိ စစ်ဆေးပေးခြင်း၊ အသည်းရောင်ရောဂါ ဘီပိုးနှင့်စီပိုး ရှိ/မရှိ စစ်ဆေးပေးခြင်း၊ ကာလသားရောဂါ စစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး မူးယစ်ဆေးစွဲရောဂါ ကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခု၊ မက်သာဒုံးဆေးခန်း ၃၆ ခုနှင့် ဗျူပရီနော်ဖင်း ဆေးခန်း ၃ ခု တို့၌ မူးယစ်ဆေးစွဲလူနာ ၂၆,၉၆၄ ဦးအား ၂၀၂၄ ခုနှစ်အတွင်း ကုသပေးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးစွဲကုသမှု ခံယူပြီးသူများအား ပိုမိုကောင်းမွန်သော လူမှုဘဝ ပြန်လည်ရောက်ရှိစေရေးအတွက် စခန်းအခြေပြုနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခု ဖွင့်လှစ်ပြီး မူးယစ်ဆေးဖြတ်ပြီးသူများအား စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးအနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ကျောင်းပြင်ပစခန်းများတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်စေရေးအတွက် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများနှင့် လူငယ်စကားဝိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့်

- မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၃၀)ကြိမ်မြောက် အထူးအစည်းအဝေး၏ တိုက်တွန်းချက်များနှင့်အညီ ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် ရေးဆွဲထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်
- အဆိုပါမူဝါဒများကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်ကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်များအလိုက် မိမိဒေသနှင့်ကိုက်ညီသည့် လုပ်ငန်းစီမံချက်များရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

*စာမျက်နှာ ၁၁ သို့*

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၅**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမျိုးသမီးထုကျန်းမာကြံ့ခိုင်စေရေးနှင့် အမျိုးသမီးအားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို



ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဂျူဒိုလေ့ကျင့်ရေးအားကစားခန်းမ၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများအား လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုနှင့် ဂျူဂျစ်ဆုပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။ (ဝဲပုံ)

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဂျူဒို(အမျိုးသား/အမျိုးသမီး) ခေတ္တာပြိုင်ပွဲများနှင့် ဝိတ်တန်း အလိုက်တစ်ဦးချင်းအတိုက်ပြိုင်ပွဲများ၊ ဝိတ်တန်းအလိုက် ဂျူဂျစ်ဆုအတိုက်ကစားပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို တစ်ဦးချင်းဆုတံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးစွမ်းအားနှင့် မွေးမြူရေးစွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေးနှင့် MSME ကုန်ထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးစွမ်းအားနှင့် မွေးမြူရေးစွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေးနှင့် MSME ကုန်ထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ပေါက်တပင်ကျေးရွာအုပ်စု၌ ဒေသခံမိုးစပါးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းတိုးတက်ရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ကောင်းမွန်ပြည့်စုံစေရေးနှင့် မိရိုးဖလာလက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ မဖြစ်မနေပြောင်းလဲဆောင်ရွက်သွားနိုင်ရေး အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မိုးစပါးစိုက် တောင်သူများအား သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဦးလွင်ဦး၏ လယ်မြေ ၁၀ ဧကအတွင်း ပဲခူးမြို့ Agro Future Myanmar Co., Ltd. မှ တီထွင်ထုတ်လုပ်ထားသော လူလိုက်ပါ စီးနင်းနိုင်သည့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ကွင်းဆင်းကြည့်ရှု အားပေးသည်။(အောက်ဝဲပုံ)



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု ဘိုင်းဒါးကျေးရွာ၌ ဒေသတွင်းဥစားသုံးမှုဖူလုံစေရေး မွေးမြူရေးလုပ်ငန်းရှင် ဦးသူရဇော်၏ ဥစားကြက်ကောင်ရေ ၂၀၀၀ နှင့် မွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းငွေး၏ ဥစားဘဲကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးပြီး မွေးမြူထုတ်လုပ်မှုမှ ရရှိသည့် ကြက်ဥနှင့်ဘဲဥများကို သယ်ယူမှု ကုန်ကျစရိတ်မရှိဘဲ ဒေသတွင်းရှိ ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းတွင် ရာနှုန်းပြည့်ရောင်းချနိုင်ရေးနှင့် အသားစားဘဲ၊ ဒေသဝက်နှင့် ဒေသကြက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်နှင့် တိရစ္ဆာန်အစာအား ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ထုတ်လုပ်မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်လေးပင်မြို့နယ် ပွဲနံတန်ဆာမြို့ မြို့မ (၃) ရပ်ကွက်ရှိ ဦးအောင်ကျော်မင်း၏ New Age Water Tank အမှတ်တံဆိပ်ဖြင့် ရေတိုင်ကီနှင့် ဖိုက်ဘာလေ့ထုတ်လုပ်မှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး ပြည်ပသွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းဖြစ်၍ ဒေသတွင်း MSMEs ကုန်ထုတ်လုပ်ငန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်များ၏အရည်အသွေးမြင့်မားစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

အသိပညာပေးဘုတ်များ စိုက်ထူခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များမှ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းများတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူတစ်ရပ်လုံး မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရှောင်ရှားနိုင်ရန်အတွက် အသိပညာပေးလှုံ့ဆော်ရေးလုပ်ဆောင်မှုများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး စသည့်ဌာန၊ အဖွဲ့အစည်း ၅ ခုတို့မှ ပြန်ကြားရေးနည်းလမ်းများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ Talk Show၊ ဓာတ်လမ်းတို၊ သတင်းစာ၊ ဂျာနယ်၊ ဆောင်းပါး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့်မီဒီယာများမှတစ်ဆင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံးသို့ ပညာပေးလှုံ့ဆော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံအတွင်း ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင် ရေးပေါင်း အကြိမ် ၄၀ ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၅၅၉၃ မှုမှ တရားခံ ၇၈၂၈ ဦး၊ တန်ဖိုးငွေကျပ် ၁၁၆၃ ဘီလီယံ ကျော်ဖိုး ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။ ဘိန်းစိုက်သည့်နေရာများနှင့် ထုတ်လုပ်သည့်နေရာများအား စုံစမ်းဖော်ထုတ်ပြီး ဘိန်းခင်းဖျက်ဆီးခြင်းတို့အား ဆောင်ရွက်ခဲ့ရာ ၂၀၂၄–၂၀၂၅ ခုနှစ် ဘိန်းစိုက်ရာသီတွင် တရားမဝင်စိုက်ပျိုးထားသည့် ဘိန်းခင်း ၄၇၃၄.၅ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု လျော့ကျစေရေးအတွက် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်း ၄၃ မျိုးအား တင်းကျပ်စွာ ထိန်းချုပ်ကန့်သတ်ထားပြီး နိုင်ငံအတွင်း တရားမဝင်တင်သွင်းမှုနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာနေရာများသို့ လမ်းလွဲမရောက်ရှိစေရေးအတွက် ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့မှ ထိန်းချုပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်ပမှ တင်သွင်းခြင်းလုပ်ငန်းကို ပို့ကုန်ကြိုတင်သတင်းပေးစနစ် (Pre Export Notification– PEN)နှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများအား Pre Export Notification– PEN Online Light စနစ်တို့ဖြင့် ဆက်သွယ်စစ်ဆေးကာ လမ်းလွဲရောက်ရှိမှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အောင်မြင်မှု ရရှိနေသော်လည်း ဖမ်းဆီးရမိသည့် အဓိကတရားခံများကို ထိရောက်သောပြစ်ဒဏ်ချမှတ်နိုင်ရေးနှင့် ပြစ်ဒဏ်မှလွတ်မြောက်ပြီးနောက် ပြစ်မှုများ ထပ်မံကျူးလွန်ခြင်း မရှိစေရေးအတွက် ပြစ်မှုကျူးလွန်သူ တရားခံများ၏ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် ထပ်မံစစ်ဆေးကာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို နှစ်စဉ်ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့များ၌ ဖျက်ဆီးလျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ငွေကျပ် ၁၁၆၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၄၉ သန်းကျော်)တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် ဖျက်ဆီးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဟာမဲခေါင်ဒေသတွင်း နိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျနိုင်ငံ ရဲတပ်ဖွဲ့ (AFP)၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့နှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ် (၃၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ရုံး (UNODC) မှပေးပို့သည့် ဆောင်ပုဒ်များဖြစ်သည့် "The evidence is clear: invest in prevention" "မူးယစ်အန္တရာယ်ကင်းစင်ရေး၊ ဘက်စုံကြိုတင် ကာကွယ်ပေး" နှင့် "Break the cycle. #Stop OrganizedCrime" "အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်စို့" ဆိုသည့်အတိုင်း နိုင်ငံတိုင်းက အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရမှ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ခြိမ်းခြောက်လျက်ရှိသော မူးယစ်ဆေးဝါးအန္တရာယ်ကို တွန်းလှန်တိုက်ဖျက်ရာတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပြင် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စသည့် ကဏ္ဍအသီးသီးတို့၌လည်း ဟန်ချက်ညီညီ တိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ တိုက်ဖျက်နိုင်မည့်အပြင် တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုရှိပြီး ပြည်သူများ၏ ဘဝလုံခြုံမှုရှိကာ အနာဂတ်နိုင်ငံတော်ကြီးကို အတူလက်တွဲ တည်ဆောက်နိုင်ကြပါစေကြောင်း အလေးအနက် ဆန္ဒပြုရင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၅**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိရာ ဇွန်လ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိ အခြေအနေကို ၁၀-၆-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ ဇွန်လ ၁၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ရက်သတ္တပတ်နှစ်ပတ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ Singapore Lotus Light Charity Society၊ Singapore Buddha Dhamma Mandala Society နှင့် Love and Care Charity Group၊ ထိုင်းနိုင်ငံရောက် စေတနာရှင်များတို့မှ ထပ်မံပေးပို့ လှူဒါန်းလာသော မိုးကာတဲ၊ Sleeping Bags၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် အိမ်သုံးပစ္စည်းများကို ဘေးသင့်လူဦးရေ အချိုးအစားအပေါ်မူတည်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဖြန့်ခွဲပေးပို့ပြီး ဖြစ်ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု

*စာမျက်နှာ ၁၃ သို့*


နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။


စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။


မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။


ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။


တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့က လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုမှတ်တမ်းပုံ။


စင်ကာပူနိုင်ငံ Lotus Light Charity Society က လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုမှတ်တမ်းပုံ။


စင်ကာပူနိုင်ငံရှိ Buddha Dhamma Mandala Society၊ Love and Care Charity Group တို့က လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုမှတ်တမ်းပုံ။



ထိုင်းနိုင်ငံရောက် စေတနာရှင်များက လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုမှတ်တမ်းပုံ။

*စာမျက်နှာ ၁၂ မှ*

စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၆၆ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၃၃ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ မော်တော်ယာဉ်၁၃ စီး၊ မော်တော်ယာဉ်၁၁၂ စီးဖြင့် စုစုပေါင်းတန်ချိန် ၂၄၃၅ ခန့်ဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များက ၁၁-၆-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ ရက်သတ္တပတ်နှစ်ပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများအား ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့နိုင်ရေး ဆောင်ရွက်ထားရှိမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံ လှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် လျှောင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို နှစ်ပတ်လျှင် တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။**သတင်းစဉ်**

ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ် (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၅၁၂၀ | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၆၁၀ | ၅၀၇၂ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | ၁၅၀ | ၂၀၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၂၃ | ၄ | ၂၅ | ၁၄၉၇ | - | ၅၃၅ | ၆၆၂ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | | ၉၆၀ | ၁၂၆၂ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၆၅ | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၉၆ | ၁၉၂ | ၂၆၇ | ၁၇ | ၂၀ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၁၁၂ | ၃၁ | ၅၂ | ၂၁ | ၈ | - | - | |
| | | ဖာ | ၂၀၈၂၉ | ၁၀၅၇၃ | ၈၂၄၄ | ၁၄၄၀ | ၄၈၆ | ၈၆ | - | |
| | | အိတ် | ၃၃၅ | ၁၃၁ | ၁၇၈ | ၁၂ | ၁၄ | - | - | |
| | | ကဒ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၉၀ | ၂၆ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | ၅၅၄၉ | ၁၅၃၈ | ၂၈၀၅ | ၁၀၀၄ | ၁၆၉ | ၃၃ | - | |
| | | ထုပ် | ၂၄၄၃ | ၉၉၀ | ၁၂၅၂ | ၁၀၂ | ၉၉ | - | - | |
| | | ခု | ၁၆၆၄ | ၇၄၅ | ၇၇၃ | ၆၇ | ၇၉ | - | - | |
| | | ထည် | ၇၃ | ၃၃ | ၃၀ | ၅ | ၅ | | - | |
| | | စည်း | ၇ | ၃ | ၂ | ၁ | ၁ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၇ | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၂၂၈ | ၉၇ | ၉၇ | ၁၆ | ၁၆ | ၂ | - | |
| | | စုံ | ၂၁၀၈ | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၃၃ | ၁၃၃ | ၁၇၈ | ၁၃ | ၉ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | မျိုး | ၆၆၆ | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၉၆၆ | ၂၆ | - | - | - | ၁၉၄၀ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |
| | | ဖာ | ၇ | - | - | - | - | ၇ | - | |

## စဉ့်ကိုင်မြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းစစ်ဆေး

**စဉ့်ကိုင် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကင်းလပ်-မြောက်တောကြီး-တအုံကျေးရွာ



ချင်း ချိတ်ဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကျောက်ဆည်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဇွန် ၂၅ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။ အဆိုပါလမ်းသည် အရှည်ပေ ၁၃၂၀၊ အကျယ် ၁၂ပေ၊ အမြင့် ခုနစ်လက်မဒုဖြစ်ကြောင်း သိရသည်။ **ကျော်စွာ (စဉ့်ကိုင်)**

## ကျောင်းကုန်းမြို့၌ ငါးကောင်ရေလေးသိန်း ငါးမျိုးစိုက်ထည့်

**ကျောင်းကုန်း ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့ သဘာဝရေပြင်နှင့် အင်းချောင်းများအတွင်းသို့ ယနေ့နံနက် ၈ နာရီခွဲက ငါးမျိုးစိုက်ထည့်သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ တက်ရောက် လာကြသူများက သဘာဝရေပြင်နှင့် အင်းချောင်းအတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၂၀၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀၀ စုစုပေါင်းကောင်ရေလေးသိန်း ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**



✳ *ကျောဖုံးမှ*

ဇူလိုင် ၂ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ ည ၇ နာရီတွင် တာ့ခ်မင်နစ္စတန်အသင်းနှင့် ဘာရိန်းအသင်း၊ ဇူလိုင် ၅ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘာရိန်းအသင်း၊ ည ၇ နာရီတွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသား ယုကီတက်ဆုရှိသည် ပြီးခဲ့သည့်ရက်ပိုင်းက အပြီးသတ်လူစာရင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ဂိုးသမား-မျိုးမြမြငြိမ်း (သစ္စာအားမာန်)၊ အိစန္ဒာဇော် (ဧရာဝတီ)၊ ဖူးလတ်နဒီ (အား/ကာသိပ္ပံ)၊ နောက်တန်း-နှင်းပွင့်အေး၊ လင်းလဲ့ဦး (အား/ကာသိပ္ပံ)၊ ဖြူဖွေး၊ ယုယုနိုင် (ရန်ကုန်ယူနိုက်တက်)၊ ဖူးလတ်နဒီ၊ ဖြူဖြူဝင်း (ဧရာဝတီ)၊ ဆောင်းနှင်းဖွေး၊ ခင်မျိုးသန္တာထွန်း (ရှမ်းယူနိုက်တက်)၊ အလယ်တန်း-နော်ထက်ထက်ဝေ (ဧရာဝတီ)၊ ရွှေရည်ထွန်း၊ မိုးမိုးသန်း (အား/ကာသိပ္ပံ)၊ ဝင်းဝင်း၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ နန်းဖြူဖြူသွယ်၊ ရူပါခိုင် (ရှမ်းယူနိုက်တက်)၊ ယွန်းဝတီလှိုင်(ရန်ကုန်ယူနိုက်တက်)၊ ရှေ့တန်း-ဝင်းသိင်္ဂီထွန်း (ဆာဘား၊ မလေးရှား)၊ စန်းသော်သော် (ဧရာဝတီ)၊ မြတ်နိုးခင် (သစ္စာအားမာန်) နှင့် မေထက်လူ (Los Angeles Pierce College-အမေရိကန်) တို့ ပါဝင်ကြသည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

# အစ္စရေးနှင့် အီရန်တို့ကြား အပစ်အခတ်ရပ်စဲရေးအလားအလာမှာ အလွန်ကောင်းမွန်ဟု ထရမ့်ပြောကြား

ဝါရှင်တန် ဇွန် ၂၅

**အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အစ္စရေးနှင့် အီရန်တို့ကြား အပစ်အခတ်ရပ်စဲရေးအလားအလာမှာ အလွန်ကောင်းမွန်ကြောင်း ပြောကြားလိုက်သည်။ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့တွင် နေတိုးထိပ်သီး အစည်းအဝေးတက်ရောက်နေသည့် မစ္စတာထရမ့်က ဇွန် ၂၅ ရက်တွင် သတင်းထောက်များကို ထိုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။**

အီရန်နျူကလီးယားနေရာများကို အမေရိကန်က လေကြောင်းမှ တိုက်ခိုက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများက မစ္စတာထရမ့်ကို မေးမြန်းခဲ့သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုက အီရန်၏ ပင်မ နျူကလီးယားအစီအစဉ်ကို မဖျက်ဆီးနိုင်ခဲ့ကြောင်း၊ နျူကလီးယားဖော်ဆောင်မှုကို လအနည်းငယ်လောက်သာ နှောင့်နှေးကြန့်ကြာနိုင်ဖွယ်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေး အေဂျင်စီ၏ သုံးသပ်ချက်အရ သိရသည်။

အမေရိကန်၏ တိုက်ခိုက်မှုကြောင့် အီရန်၏ နျူကလီးယားအစီအစဉ် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း ထရမ့်က ပြန်လည်ချေပပြောကြားခဲ့သည်။ အီရန်၏ နျူကလီးယားအစီအစဉ်မှာ ဆယ်စုနှစ်များစွာ နှောင့်နှေးကြန့်ကြာသွားပြီဖြစ်ကြောင်း မစ္စတာထရမ့်က ပြောသည်။ ထို့အပြင် ထရမ့်က အဆိုပါတိုက်ခိုက်မှုက စစ်ပွဲကို အဆုံးသတ်စေခဲ့ကြောင်း၊ ဟီရိုရှီးမားနှင့် နာဂါဆာကီတို့ကို ဥပမာအနေဖြင့် မသုံးလိုသော်လည်း တိုက်ခိုက်မှုက ပဋိပက္ခဖြစ်ပွားမှုကို တစ်ကြိမ်တည်း အဆုံးသတ်စေနိုင်သည့် အကျိုးသက်ရောက်မှုမျိုးရရှိခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။ အစ္စရေးနှင့်အီရန် နှစ်နိုင်ငံကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်ပတ်သက်၍ သဘောတူညီမှုရရှိခဲ့ကြောင်း ထရမ့်က ဇွန် ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ **အင်န်အိတ်ချ်ကေ**



## ဖိလစ်ပိုင်ရိုးရာပွဲတော်၌ပါဝင်သူများ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆုတောင်း

**မနီလာ ဇွန် ၂၅**

ဖိလစ်ပိုင်နိုင်ငံ၌ ဒုတိယကမ္ဘာစစ်၏ အနိဋ္ဌာရုံများကို သတိပြုမိစေရန် နှစ်စဉ် ကျင်းပလေ့ရှိသည့် ရိုးရာပွဲတော်တစ်ခုတွင် ဝတ်ပြုသူများက ၎င်းတို့ကိုယ်ခန္ဓာအား ရွှံ့များလိမ်းကျံပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆုတောင်းခဲ့ကြသည်။

**ဝတ်ပြုဆုတောင်းမှုများ ပြုလုပ်ရန် ဘုရားကျောင်းသို့သွား**

ကံဆိုးခြင်းကို ဖယ်ရှားနိုင်သည်ဟု ယုံကြည်ကြသည့် အလျောက် အဆိုပါပွဲတော်၌ ပါဝင်သူများသည် ၎င်းတို့ကိုယ်ခန္ဓာအား ရွှံ့များလိမ်းကျံပြီး လယ်ကွင်းများထဲတွင် ရေချိုးသည့်ဓလေ့ကို ပြုလုပ်ခဲ့ကာ ငှက်ပျောရွက်ခြောက်များကို ဝတ်ဆင်ခဲ့ကြသည်။ ထို့နောက် ဝတ်ပြုဆုတောင်းမှုများ ပြုလုပ်ရန် ဘုရားကျောင်းသို့ သွားခဲ့ကြသည်။

**အတိတ်ကို အမြဲအောက်မေ့ သတိရစေ**

လူဇုံကျွန်း မြောက်ပိုင်းရှိ ကျေးရွာတစ်ရွာ၏ ဘုရားကျောင်း၌ ကျင်းပသော အဆိုပါပွဲတော်သို့ ဒေသခံ ၂၀၀၀ ကျော်တက်ရောက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အသက်ရှင်ကျန်ရစ်သူတစ်ဦး၏ မြေးက ယခုကဲ့သို့သော ရိုးရာဓလေ့ကို မိမိတို့ကို လက်ဆင့်ကမ်းအမွေပေးခဲ့ခြင်းကြောင့် အတိတ်ကို အမြဲအောက်မေ့ သတိရစေသည်ဟု ပြောကြားခဲ့သည်။

**အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး အတွက် ဆုတောင်း**

ပွဲတော်၌ ပါဝင်သူနောက်တစ်ဦးကလည်း အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် ဆုတောင်းခဲ့သည်ဟု ပြောကြားခဲ့ပြီး လတ်တလောပဋိပက္ခများက နိုင်ငံအားလုံးအပေါ် လွှမ်းမိုးသက်ရောက်မှုရှိသည်ဟု ဆိုသည်။ **အင်န်အိတ်ချ်ကေ**



ဖိလစ်ပိုင်နိုင်ငံ၌ နှစ်စဉ်ကျင်းပလေ့ရှိသည့် ရိုးရာပွဲတော်တစ်ခုတွင် ပါဝင်ဆင်နွှဲနေသူများကို တွေ့ရစဉ်။



ယူဂန္ဓာနိုင်ငံ ကမ်ပါလာမြို့၌ ယူဂန္ဓာ-တရုတ် ကော်ဖီကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုညှိနှိုင်းဆွေးနွေးပွဲတွင် ခင်းကျင်းပြသထားသည့် ကော်ဖီထုပ်များကို တွေ့ရစဉ်။

## ယူဂန္ဓာနိုင်ငံက အီသီယိုးပီးယားကို ကျော်တက်ကာ အာဖရိက၏ ထိပ်တန်းကော်ဖီတင်ပို့သည့် နိုင်ငံဖြစ်လာ

**ကမ်ပါလာ ဇွန် ၂၅**

ယူဂန္ဓာနိုင်ငံသည် အီသီယိုးပီးယားနိုင်ငံကို ကျော်တက်ကာ အာဖရိက၏ ထိပ်တန်းကော်ဖီတင်ပို့သည့် နိုင်ငံဖြစ်လာကြောင်း ဇွန် ၂၄ ရက်က ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်အရ သိရသည်။

**ဝင်ငွေအမေရိကန်ဒေါ်လာ ၂၄၃ သန်းရရှိ**

ယူဂန္ဓာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ယူဂန္ဓာနိုင်ငံသည် မေလတွင် ၆၀ ကီလိုဂရမ်ကော်ဖီအိတ်ပေါင်း ၇၉၃၄၄၅ အိတ်တင်ပို့ကာ ဝင်ငွေအမေရိကန်ဒေါ်လာ ၂၄၃ သန်း ရရှိခဲ့ကြောင်း သိရသည်။ ယူဂန္ဓာနိုင်ငံ၏ ကော်ဖီလုပ်ငန်းသည် သမိုင်းဝင်မှတ်တိုင်သစ်တစ်ခုသို့ရောက်ရှိကာ ယခုနှစ်မေလတွင် အာဖရိက၏ ထိပ်တန်းကော်ဖီတင်ပို့သည့် နိုင်ငံဖြစ်လာခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

ယခုနှစ်မေလတွင် ယူဂန္ဓာနိုင်ငံ၏ ကော်ဖီတင်ပို့မှုပမာဏသည် အီသီယိုးပီးယားနိုင်ငံ၏ ကော်ဖီတင်ပို့မှု တန်ချိန် ၄၃၄၈၁ ဒသမ ၀၂ တန်ကို ကျော်လွန်ခဲ့သည်။ ယင်းက အာဖရိကတိုက်၏ ကော်ဖီကုန်သွယ်ရေးတွင် သိသာထင်ရှားသည့် အပြောင်းအလဲကို ဖြစ်ပေါ်လာစေခဲ့သည်။

**ကော်ဖီထုတ်လုပ်တင်ပို့မှုကို ထပ်မံတိုးမြှင့်မည်**

ယူဂန္ဓာနိုင်ငံသည် လာမည့်လများအတွင်း ကော်ဖီထုတ်လုပ်တင်ပို့မှုကို ထပ်မံတိုးမြှင့်သွားဖွယ်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ပြောသည်။ ယူဂန္ဓာနိုင်ငံ၏ အဓိကကော်ဖီတင်ပို့သည့် နိုင်ငံများတွင် အီတလီ၊ ဂျာမနီ၊ စပိန်၊ အိန္ဒိယ၊ ဆူဒန်၊ ဘယ်လ်ဂျီယံ၊ တရုတ်၊ အယ်လ်ဂျီးရီးယား၊ အမေရိကန်ပြည်ထောင်စုနှင့် မော်ရိုကိုနိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အစ္စရေးနိုင်ငံမှ ဩစတြေးလျနိုင်ငံသား ၁၁၉ ဦး ဘေးလွတ်ရာ ရွှေ့ပြောင်းပေး

**ကန်ဘာရာ ဇွန် ၂၅**

အစ္စရေးနိုင်ငံမှ ဩစတြေးလျနိုင်ငံသား ၁၁၉ ဦးကို အစိုးရလေယာဉ်ဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်ဟု ဩစတြေးလျအစိုးရက အတည်ပြုခဲ့သည်။

လေကြောင်းလိုင်း ပြန်လည်ဖွင့်လှစ်ပြီးနောက် ဩစတြေးလျနိုင်ငံသား ၁၁၉ ဦးကို တဲအဗစ်မြို့မှ တော်ဝင်ဩစတြေးလျလေတပ်၏ ကေစီ-၃၀ ဂျက်လေယာဉ်ဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဩစတြေးလျအစိုးရက ဇွန် ၂၅ ရက်တွင် ပြောသည်။

အစ္စရေးနှင့် အီရန်နိုင်ငံတို့တွင် အစိုးရအကူအညီဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် စာရင်းပေးထားသည့် ဩစတြေးလျနိုင်ငံသား ထောင်ပေါင်းများစွာ ကျန်ရှိနေသေးကြောင်း၊ တာဝန်ရှိသူများဘက်မှလည်း အခွင့်အရေးရသည်နှင့် ဩစတြေးလျနိုင်ငံသားများ ထွက်ခွာသွားနိုင်ရေး လုပ်ဆောင်နေကြောင်း နိုင်းနက်ဝက်ခ် ရုပ်သံလိုင်းသို့ အစိုးရကပြောသည်။ **ဆင်ဟွာ**

## အီရန်နိုင်ငံ၌ အင်တာနက်ရရှိမှု ပဋိပက္ခမဖြစ်ခင်ကာလက အနေအထားသို့ ပြန်လည်ရောက်ရှိလာ

**တီဟီရန် ဇွန် ၂၅**

လတ်တလော အစ္စရေးနှင့်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအတွင်း အီရန်နိုင်ငံ၌ အင်တာနက်ယာယီပိတ်ထားပြီးနောက် အီရန်နိုင်ငံ၏ အင်တာနက်ရရှိမှုမှာ ပဋိပက္ခမဖြစ်ခင်ကာလက အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီးက ဇွန် ၂၅ ရက်တွင် ပြောသည်။

အီရန်နှင့်အစ္စရေးနိုင်ငံတို့ကြား အပစ်အခတ်ရပ်စဲကြောင်း ကြေညာပြီးတစ်ရက်အကြာ အီရန်သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဝန်ကြီး ဆက်တာ ဟာရှီမီ က လူမှုကွန်ရက်မီဒီယာ x ပေါ်၌ ယခုလိုကြေညာခဲ့ခြင်းဖြစ်သည်။

ဇွန် ၁၃ ရက်က အီရန်နိုင်ငံ၌ အစ္စရေးက လေကြောင်းတိုက်ခိုက်မှု စတင်ပြုလုပ်ပြီးနောက် အင်တာနက်ရရှိမှုအပေါ်တွင် အီရန်နိုင်ငံက ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။ **ဆင်ဟွာ**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၅

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ဆွမ်းဦးပုညရှင်စေတီတော်၌ အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မဟာမုနိဘုရားကြီးဘဏ္ဍာတော်ပိုင်တိုက်တန်း၌ ငလျင်ဒဏ်သင့်၍ ထိခိုက်သွားသော ဝန်ထမ်းလိုင်းခန်းအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ဆွမ်းဦးပုညရှင်စေတီ၊ ရာဇမဏိ စူဠာကောင်းမှုတော်စေတီ၊ မေတ္တာကန်နှင့် လေးကျွန်းမာရ်အောင်မြတ်စွာဘုရားတို့၌ ငလျင်အတွင်း ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပရိဝုဏ်များအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် နေရာများဖြစ်သည့် မဟာစေတီလှစေတီကြီးအား အသစ်ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာကို ပြင်ဆင်ဆောင်ရွက်နေမှု၊ ဥမင်ကိုးဆယ်ဘုရားရှိ သီတဂူရေပေးဝေရေးရေလှောင်ကန်အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ တောလေးထပ်ကျောင်းတိုက်၌ သာသနိကအဆောက်အအုံအပျက်အစီးများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုနှင့် ဇေတဝန်ဘုရားပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများပျက်စီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ်ဖယ်ရှား ရှင်းလင်းနေမှု၊ စစ်ကိုင်းမြို့အတွင်းရှိ နေအိမ်အဆောက်အအုံအပျက်အစီးများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် မဟာစည်းခုံကြီး စေတီတော် ပရိဝုဏ်အတွင်း၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများ နေထိုင်နိုင်ရန်အတွက် Modular House ဆောက်လုပ်ပြီးစီးမှုအခြေအနေများကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင်တိုက်တန်းရှိ ဝန်ထမ်းလိုင်းခန်းအပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှု၊ မဟာအောင်မြေမြို့နယ် ဒေဝန်းအရှေ့ရပ်ကွက်ရှိ ရတနာပုံသာ ဆုတောင်းရ(ဦးပေစိ)ရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းဆောင်တော်ကြီးရှိ စူဠာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ပလ္လင်တော်ပြန်လည်ပြုပြင်ခြင်း၊ ရုပ်ရှင်တော်မြတ်ကြီး၏အပေါ်ရှိ မျက်နှာကြက်အမိုးအား အပေါ်သို့မြှင့်တင်ခြင်းနှင့် ဓာတ်လှေကားတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

# PDF အမည်ခံအဖွဲ့ဝင် ၁၉ ဦး လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဇွန် ၂၅**

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် နိုင်ငံတော်အစိုးရက ဖိတ်ခေါ်လျက်ရှိရာ ပြစ်မှုကျူးလွန်ခြင်းမရှိသော ဒေသအသီးသီးမှ PDF သင်တန်းဆင်း ၁၉ ဦးတို့သည် လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြပြီး ၎င်းတို့အား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်သည်။ **(အပေါ်ယာပုံ)**

အဆိုပါ လွှဲပြောင်းအပ်နှံပွဲသို့ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အမည်ခံ အဖွဲ့ဝင်တစ်ဦး ယူဆောင်လာသည့် MA-2 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည် ၅၀ တောင့်နှင့် ကျည်အိမ်နှစ်ခုတို့ကို အပ်နှံရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှင့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများအတွက် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ပြစ်မှုကျူးလွန်ခြင်း မရှိသည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦး၊ ချမ်းအေးသာစံမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ ဝက်လက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသမီးတစ်ဦး၊ 



အမရပူရမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦး၊ အောင်မြေသာစံမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသမီးတစ်ဦး၊ မိုးကုတ်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦး၊ မတ္တရာမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦး စုစုပေါင်း ၁၉ ဦးတို့အား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ခန်းမက ဗလာ စကားလုံးတွေက အနှစ်မပါ



www.gnlm.com.mm 16 JUNE 2025 THE GLOBAL NEW LIGHT OF MYANMAR 9

ARTICLE

Empty Chambers, Empty Words

By Kyaw Myint Htoon (Paris)

THE great envoy gave a speech in New York last week.

The speech was "high and mighty", righteous!" After all, it is about a small, least developed country somewhere in Asia, those types feel automatically superior! It was a usual hollowed speech, the ones these self-absorbed people (SAPs) in Geneva and New York are so capable of. His speech also included comments about the upcoming elections in Myanmar. Seriously!

Just one thing. The speech was given in an empty hall. There was hardly anyone in attendance. Out of 193 country members, it could be counted on two hands how many souls are in the room.

People should go on YouTube to watch it. Please! Audience, enjoy the empty room! It's nicely decorated.

No one has an interest except these SAPs. There are other, more urgent issues going on. Only the SAPs, who are desperate for attention and to feel "righteous". It's in their DNA to interfere. That's all they do. Prolong mandates. Let's not solve the crisis so that it goes on and on.

The fact that the room was empty, only the SAPs could be so oblivious to it.

Empty room or not, it gave them a chance to travel to New York. Catch up with friends. From New York to other destinations. Maybe do some personal businesses in the mix, since it has come to light that there are some private businesses. The position allows them to make a few trips a year to New York. To give an update on this. To give an update on that. To update the big master! If not for this position, it's unlikely the higher-education institution way in the South Pacific would have the budget to foot the fine airfare and accommodation.

30 years on, not a single one of them has achieved a single thing. Politics have changed. The mandate remains the same. No review! No realistic reassessment of whether it still makes sense or not. Why bother? It was not for the people of Myanmar from the beginning. Every single appointment has been wrong, especially the current one. Just look at the country of origin. Is there a need to say more?

No one is listening to them. All kinds of things are going on in the world. Wars! Bombings! Etc., etc. Has anyone paid any attention to these SAPs? Not a single thing they can do.

One of their agencies recently said forcibly displaced people around the world grew sharply by 6.3 million to 73.5 million at the end of 2024. So, the question is, what have they been doing? The world is falling apart under their watch, not getting safer or better. The doomsday clock is getting closer and closer to midnight!

Don't let them come and preach. Keep them away. Oh yes, the speech also mentioned "self-destruction". The reality is that destruction would be inevitable only if these SAPs were allowed to have their way. They have done it in other countries. History is littered with their failures. Let's ask them a question. What conflict have they solved in recent memory? Can they name one?

*(The views and opinions expressed in this article are those of the author.)*

ပြီးခဲ့တဲ့ရက်သတ္တပတ်က နယူးယောက်မှာ ကြီးမြတ်လှတဲ့ သံတမန်ကြီးက မိန့်ခွန်းပြောခဲ့ပါတယ်။ အဲဒီမိန့်ခွန်းက "အမြင့်စား၊ အပြင်းစား"၊ "သူသာလျှင် အမှန်တရား"။

အာရှတိုက်တစ်နေရာက ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံငယ်လေးတစ်ခု အကြောင်း ပြောနေကြတဲ့ ဒီလိုလူတွေပုံစံက အလိုလိုနေရင်း အထက်စီးက ဟန်ပန်ကြီးတစ်ခွဲသား။ ဒါဟာ ဂျီနီဗာနဲ့နယူးယောက်မှာရှိတဲ့ ကိုယ်ကျိုးရှာ ကိုယ်သာအဓိကသမားတွေ (SAPs) (အတ္တသမားတွေ) ပြောနေကျအတိုင်းပဲ အနှစ်သာရမရှိတဲ့စကားလုံးတွေ ဖြစ်နေပါတယ်။ အဲဒါတင်မက မိန့်ခွန်းထဲမှာ မြန်မာနိုင်ငံမှာကျင်းပတော့မယ့် ရွေးကောက်ပွဲအကြောင်းပါ ထည့်ပြောသွားသေးတယ်။ ပြင်းပြင်း ထန်ထန်ပဲဗျို့။

ပြောချင်တာတစ်ခုပဲရှိတယ်။ အဲဒီမိန့်ခွန်းကိုပြောခဲ့တဲ့ခန်းမက လူသူမရှိ ဗလာနတ္ထိကြီး။ တက်ရောက်သူဆိုလို့ လက်ချိုးရေလို့ရတဲ့ အရေအတွက်လေးပဲရှိတယ်။ နိုင်ငံပေါင်း ၁၉၃ နိုင်ငံထဲက ဆယ်ဂဏန်း တောင်မပြည့်တဲ့လူတစ်စုလေးပဲ အထဲမှာရှိခဲ့တာ။

လူတွေ အဲဒါကို You Tube မှာ သွားကြည့်သင့်တယ်။ ကြည့်ပါဦး ပရိသတ်တို့၊ ခန်းမကြီး ဗလာနတ္ထိလွတ်နေပုံကို။ အပြန်စားပြင်ဆင်ထားတဲ့ ခန်းမအလွတ်ကြီးပေါ့။ ကိုယ်ကျိုးရှာ ကိုယ်သာအဓိကသမားတစ်စုကလွဲလို့ ဒီကိစ္စကို စိတ်ဝင်စားသူမရှိ၊ အခုအချိန်မှာ ဒါထက်ပိုပြီး အရေးကြီးတဲ့ကိစ္စတွေ အများကြီးရှိနေတယ်။ ခန်းမထဲမှာရှိနေကြတာဆိုလို့ လူတွေအာရုံစိုက်ခံချင်လို့ ထင်ရာစိုင်းလုပ်ပြနေတဲ့၊ ကိုယ်သာလျှင်အမှန်တရားလို့ထင်နေတဲ့ အတ္တသမားတစ်အုပ်ပဲရှိတာ။ သူများကိစ္စဝင်ပါတာက သူတို့ရဲ့မျိုးရိုးဗီဇ(DNA)ထဲကိုက ပါနေတာ။ သူတို့လုပ်သမျှက သူများကိစ္စဝင်ရှုပ်တာ။ သူတို့ရဲ့ရာထူးဂုဏ်သိန် အာဏာကို ရှည်အောင်၊ ကြာအောင် ဆွဲဆန့်တာ။ အကျပ်အတည်းတွေကို မဖြေရှင်းဘဲ မပြီးနိုင် မစီးနိုင် ဆက်ရှိနေအောင် လုပ်နေကြတာ။

သူတို့အုပ်စုကလွဲလို့ ခန်းမကြီးလုံးဝဗလာနတ္ထိဖြစ်နေတယ်ဆိုတဲ့ အမှန်တရားကို ကိုယ်ကျိုးရှာအတ္တသမားတွေ သတိပြုမိကြမှာပါ။ လူရှိရှိ မရှိရှိ အဲဒါက သူတို့အတွက်တော့ နယူးယောက်ကိုခရီးသွားဖို့ အခွင့်အရေးတစ်ခုရတာပဲလေ။ သူငယ်ချင်းတွေဆုံကြမယ်၊ နယူးယောက်ကနေ တခြားသွားချင်တဲ့နေရာတွေ ဆက်သွားမယ်။ ကြားထဲကနေ ကိုယ်ပိုင်စီးပွားရေးလေးတွေလည်း လုပ်လို့ရတာပေါ့။ တချို့ဆို ပုဂ္ဂလိကလုပ်ငန်းတွေပါနေတာ။ ဒီရာထူးကြီးရှိနေလို့သာ သူတို့တစ်နှစ်ကို နယူးယောက်ကို အခေါက်ခေါက်အခါခါ သွားခွင့်ရနေတာလေ။ "ဒါလေး အပ်ဒိတ်လုပ်ပါဦးမယ်၊ ဟိုဟာလေး တင်ပြပါဦးမယ်၊ လူကြီးကိုသတင်းပို့ပါဦးမယ်" ဆိုတာမျိုးတွေနဲ့ သွားနေကြတာပေါ့။ တကယ်လို့ ဒီရာထူးသာမရှိရင် တောင်ပစိဖိတ်စွန်းက အဆင့်မြင့်ပညာရေးအဖွဲ့အစည်းဆိုတာကြီးက ဒီလောက်အကုန်အကျများတဲ့ လေယာဉ်လက်မှတ်ခနဲ့ ဟိုတယ်စရိတ်ကို တတ်နိုင်မှာမဟုတ်ဘူး ဆိုတာ သေချာတယ်။

ပြီးခဲ့တဲ့ နှစ် ၃၀ အတွင်းမှာ ဒီလိုခန့်အပ်ခံရတဲ့ သံတမန်တွေ တစ်ယောက်မှ ဘာတစ်ခုမျှ အောင်မြင်ပြီးမြောက်အောင် မလုပ်နိုင်ခဲ့ဘူး။ နိုင်ငံရေးအခြေအနေတွေက ပြောင်းသွားပြီ။ သူတို့ရဲ့လုပ်ပိုင်ခွင့် (mandate)ကတော့ အရင်အတိုင်းပဲ။ လက်တွေ့ကျရဲ့လားဆိုတာ ပြန်လည်သုံးသပ်တာမျိုး၊ စစ်ဆေးတာမျိုး ဘာမှမရှိဘူး။ ဘာလို့လဲဆိုတော့ ဒီရာထူးက အစကတည်းက မြန်မာပြည်သူတွေအတွက် မဟုတ်လို့ပဲ။ ဒီရာထူးမှာ ခန့်အပ်မှုတိုင်းဟာ မှားယွင်းနေခဲ့တာ။ အထူးသဖြင့် အခုလက်ရှိခန့်ထားတဲ့သူက အမှားဆုံးပဲ။ သူလာတဲ့နိုင်ငံ သို့မဟုတ် လူမျိုးကိုကြည့်လေ။ ဘာမှဆက်ပြောစရာမလိုတော့ဘူး မဟုတ်လား။

ကိုယ်ကျိုးအတ္တသမားတွေကို ဘယ်သူမှအဖက်မလုပ်တော့ဘူး။ ကမ္ဘာပေါ်မှာ ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြစ်နေတယ်။ စစ်ပွဲတွေ၊ ဗုံးကြဲတိုက်ခိုက်မှုတွေ စသည်စသည်ဖြင့် ဆိုးရွားတဲ့ပြဿနာမျိုးတွေ အများကြီးဖြစ်နေတဲ့အချိန်မှာ သူတို့ကို ဘယ်သူမှ အရေးမလုပ်နိုင်ကြတော့ဘူး။ သူတို့လည်း လုပ်နိုင်တာတစ်ခုလေးတောင် မရှိတော့ဘူး။

သူတို့ရဲ့အေဂျင်စီတစ်ခုက မကြာသေးခင်က ထုတ်ပြန်တာကို ကြည့်ဦး။ ၂၀၂၄ ခုနှစ်အကုန်မှာ အတင်းအဓမ္မနေရပ် စွန့်ခွာရတဲ့ လူဦးရေက ၆ ဒသမ ၃ သန်းတိုးလာပြီး စုစုပေါင်း ၇၃ ဒသမ ၅ သန်း အထိ ရောက်သွားပြီတဲ့။ ဒါဆိုမေးစရာရှိတာက သူတို့ဘာတွေလုပ်နေခဲ့ကြလဲဆိုတာပဲ။ သူတို့မျက်စိရှေ့မှာတင် ကမ္ဘာကြီးက တစ်စတစ်စ ပြိုလဲနေတာ။ ပိုလုံခြုံလာဖို့၊ ပိုကောင်းလာဖို့နေနေသာသာ အခြေအနေတွေက ပိုဆိုးလာနေတာလေ။

သူတို့လာပြီး ဟောပြောတာမျိုးမလုပ်စေနဲ့။ ဝေးဝေးမှာပဲနေပါစေ။

ဪ...ဟုတ်ပါရဲ့၊ ဒီမိန့်ခွန်းထဲမှာ "မိမိကိုယ်ကို ဖျက်ဆီးခြင်း" ဆိုတဲ့စကားလုံးလည်း ပါသွားသေးတယ်။ တကယ်တမ်းကျတော့ ဒီကိုယ်ကျိုးအတ္တသမားတွေကို သူတို့စိတ်ကြိုက် လွှတ်ထားမယ်ဆိုရင်တော့ ပျက်စီးခြင်းဆိုတာ ရှောင်လွှဲလို့ရမှာမဟုတ်ဘူး။ သူတို့ ဒီလိုမျိုး တခြားနိုင်ငံတွေမှာလည်း လုပ်ခဲ့ဖူးတယ်။ သူတို့ရဲ့ကျရှုံးမှုမှတ်တမ်းတွေက သမိုင်းစာမျက်နှာတွေမှာ ပြည့်နေတာပါပဲ။ သူတို့ကို မေးခွန်းတစ်ခုမေးကြည့်ရအောင်။ လတ်တလော မှတ်မိသမျှ သူတို့ ဘယ်ပဋိပက္ခကို ဖြေရှင်းပေးနိုင်ခဲ့သလဲလို့၊ တစ်ခုလောက်များ နာမည် တပ်ပြီးပြောပြနိုင်မလား။ ။

**(ဤဆောင်းပါးပါ အမြင်နှင့် ထင်မြင်ယူဆချက်များသည် စာရေးသူ၏ သဘောထားများသာဖြစ်ပါသည်။)**

**(၁၆ - ၆ -၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ Kyaw Myint Htoon (Paris)၏ Empty Chambers , Empty Words ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)**

## ပဲခူးမြို့၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာတမ်းဖတ်ပွဲကျင်းပ

**ပဲခူး ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာတမ်းဖတ်ပွဲကို ဇွန် ၂၄ ရက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေးက အမှာစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခင်စုမွန်က အမျိုးသမီးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်း စာတမ်းကိုလည်းကောင်း၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်မြင့်မြင့်သန်းက မြန်မာအမျိုးသမီးများနှင့် ပညာရေးအကြောင်း စာတမ်းကို လည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မိုးသူဇာကျော်က အမျိုးသမီးများနှင့် အကြမ်းဖက်ခံရခြင်းအကြောင်း စာတမ်းကိုလည်းကောင်း တင်သွင်းဖတ်ကြားကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စိုးစိုးသက်က စာတမ်းတင်သွင်း ဖတ်ကြားပေးကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်ထက်**

## သထုံမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

**သထုံ ဇွန် ၂၅**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ပေါ်တော်မူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ စာပေလေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေး စသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောရာ ကျောင်းသား ကျောင်းသူများက သိလိုသည်တို့ကို မေးမြန်းကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိမင်းဦးက ကျေးဇူးတင်စကားပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မော်လမြိုင်မြို့ ရတနာထွန်းငါးဈေးကို အဆင့်မြင့်ငါးဈေးသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်



**မော်လမြိုင် ဇွန် ၂၅**

မော်လမြိုင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ရတနာထွန်းငါးဈေးကို မြို့၏ အဓိကလမ်းမကြီးဖြစ်သည့် ကမ်းနားလမ်းအဆုံးတွင် တည်ရှိနေသည့်အပြင် ရောင်းဝယ်ဖောက်ကားမှု စည်ကားလာသည့်အတွက် "အနံ့အသက်ဆိုးများထွက်ခြင်း၊ ရေခဲရေသုံးစွဲမှုများကြောင့် ကတ္တရာလမ်းပျက်စီးမှုများ ဖြစ်ပေါ်လာခြင်း၊ ငါးကားအဝင် အထွက်နှင့် ငါးပုံးများကြောင့် ယာဉ်သွားလာမှု၊ ယာဉ်ရပ်နားမှု အခက်အခဲများ ရှိလာသည့်အတွက် ဇွန် ၂၀ ရက်မှ စတင်ကာ အဆိုပါငါးဈေးသစ်ကို မုပွန်တိုးချဲ့ အိမ်ရာမြေအဖြစ် အသုံးပြုရန် လန(၃၉)ခွင့်ပြုခဲ့ပြီးဖြစ်သည့် ဧရိယာအတွင်းရှိ မြေဧရိယာ ၁၁ ဒသမ ၀၇၈ ဧကအတွင်း ပြောင်းရွှေ့ဖွင့်လှစ်ရခြင်း ဖြစ်သည်။

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြတ်အဏ္ဏဝါမင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သည့် မော်လမြိုင် အဆင့်မြင့်ငါးဈေးသစ်စီမံကိန်း၊ စီမံကိန်း ပထမပိုင်းလုပ်ငန်းများ အနေဖြင့် ပေ (၂၄ x ၃၀) ငါးဈေး ဆိုင်ခန်း ၆၀ နှင့် ပေ (၁၂x၁၅) ကြက်ဈေးဆိုင်ခန်း ရှစ်ခန်းတည်ဆောက်ခြင်း၊ ရတနာထွန်းငါးဈေးပြောင်းရွှေ့ရာတွင် အဆင်ပြေစေရန်အတွက် အဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊ အများသုံးသန့်စင်ခန်း တည်ဆောက်ခြင်း၊ ရေရှိရေး၊ ထရန်စဖော်မာတည်ဆောက်ခြင်းနှင့် ပြင်ပလျှပ်စစ်မီး ရရှိရေးတို့ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**စည်သူ**
**(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**ချောင်းဆုံ ဇွန် ၂၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏



ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ခရိုက်သစ်ကျေးရွာရှိ စက်မှုလယ်ယာရုံးဝင်းအတွင်း ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(ဥက္ကဋ္ဌ) ဦးဇော်နိုင်ဝင်းနှင့်အဖွဲ့ဝင်များက လူထုဖြန့်ပျိုးပင်များကို တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး တက်ရောက်လာကြသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက မန်ကျည်းရှား ၂၅၀၊ မဟော်ဂနီ ၂၀၀၊ အော်ရီရှား ၂၅၀၊ ပျဉ်းမ ၁၀၀၊ စိန်ပန်းကြီး ၁၀၀ နှင့် ကုက္ကို ၁၀၀ စုစုပေါင်း ပျိုးပင် ၁၀၀၀ ခန့်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## အမှိုက်အမျိုးအစား လေးမျိုးခွဲခြားစွန့်ပစ်ခြင်းနှင့် ပလတ်စတစ်အန္တရာယ်အကြောင်းသိကောင်းစရာ ဟောပြော

**အုတ်ဖို ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ အမှိုက်အမျိုးအစား လေးမျိုးခွဲခြားစွန့်ပစ်ခြင်း၊ ပလတ်စတစ်အန္တရာယ်အကြောင်း သိကောင်းစရာ သရုပ်ပြဟောပြောခြင်းနှင့် ဆေးရွက်ကြီးအန္တရာယ်အကြောင်း ဟောပြောခြင်းအခမ်းအနားကို ဇွန် ၂၄ ရက်က အထက(ခွဲ) လသာကုန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝေလင်းက အမှာစကား ပြောကြားပြီး ဒုတိယပညာရေးမှူး ဦးစိုးဝင်းအောင်က အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖြိုးဝေအောင်က အမှိုက်အမျိုးအစား လေးမျိုး ခွဲခြားခြင်းနှင့် ပလတ်စတစ်အန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောပြီး လက်တွေ့သရုပ်ပြ ဆောင်ရွက်သည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာပြေမိုးအောင်က ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**



## ရာဂီမုန်တိုင်းကြောင့် စပါးနှင့်သီးနှံများ ထိခိုက်ပျက်စီးမှု ထောက်ပံ့ငွေပေးအပ်

**ရပ်စောက် ဇွန် ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ရာဂီမုန်တိုင်းနှင့် ဆက်စပ်သည့် ရေကြီးရေလျှံမှုနှင့်စပ်လျဉ်း၍ ရပ်စောက်မြို့နယ်အတွင်းရှိ စိုက်ဧက ၂၃၆ ဧက ပျက်စီးခဲ့သည့် တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများ ထည့်သွင်းနိုင်ရေးအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အမှာစကား ပြောကြားပြီးရာဂီမုန်တိုင်းကြောင့် လယ်စပါးစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့် တောင်သူများအား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဟွေးကျေးရွာအုပ်စု အတွင်း ဘန်းပင်ကျေးရွာ၊ ဟွေးကျေးရွာနှင့် ဇလဲကျေးရွာရှိ တောင်သူများအား ပေးအပ်သည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းဆမ်ခမ်းနှင့် ဝန်ထမ်းများက ကျန်ရှိသည့် တောင်သူများအား စနစ်တကျ ထောက်ပံ့ငွေများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဇွန် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာရေးဆရာ တက္ကသိုလ်မြတ်သူ၏ **"မြန်မာတို့၏ နိုင်ငံရေး ခရီးလမ်းမကြီးနှင့် ငြိမ်းချမ်းရေးမှတ်တိုင်များ"** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံသည် ၁၈၈၆ ခုနှစ်မှ စတင်ကာ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ်ကြငှန်းဘဝမှ ထီးကျိုးစည်ပေါက် နယ်ချဲ့လက်အောက်သို့ နေ့ချင်းညချင်းကျရောက်ကာ လွတ်လပ်သော အချုပ်အခြာပိုင်နိုင်ငံအဖြစ်မှ လက်အောက်ခံနိုင်ငံဘဝသို့ နိမ့်ဆင်းသွားခဲ့ရပေသည်။ ထိုကာလမှစတင်ကာ တိုင်းရင်းသားတို့က ရရာလက်နက်စွဲကိုင်တော်လှန်ခြင်း၊ လွတ်လပ်ရေးကြိုးပမ်းခြင်းတို့ကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသောကြောင့် ၁၉၄၈ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို လှမ်းကိုင်နိုင်ခဲ့ကြပေသည်။ ရရှိခဲ့ပြီးသော လွတ်လပ်ရေးနှင့်အတူ နိုင်ငံချင်းအတူတူ တင့်တယ်စွာ လျှောက်လှမ်းဖြတ်သန်းနိုင်ရေး ကြိုးပမ်းခြေလှမ်းစနေစဉ်မှာလည်း ပြည်တွင်း တစ်ဗိုလ်တစ်မင်း လုပ်ဆောင်လိုသူ၊ အမြင်မတူ ရန်သူခြေလှမ်း လှမ်းလျှောက်လိုသူများနှင့် ပြည်ပ ပယောဂတို့ကြောင့် တိုင်းပြည်၏ လွတ်လပ်ရေး အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့သည်လည်း ကြိမ်ဖန်များစွာ စိန်ခေါ်ခံနေခဲ့ရပေသည်။

မျက်မှောက်ကာလအထိ လက်နက်စွဲကိုင်နေကြဆဲဖြစ်သည့် အဖွဲ့အစည်းအချို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ လာရာနှင့် လားရာတို့ကို စေ့စေ့ငုငု သိရှိမှတ်သားနိုင်စေရန်လည်းကောင်း၊ သင်ခန်းစာယူနိုင်ရန် အလို့ငှာလည်းကောင်း၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုမှတ်တိုင်များစွာကို မျိုးဆက်အဆင့်ဆင့် လက်ဆင့်ဝေငှနိုင်ရန်လည်းကောင်း စသည့်ရည်ရွယ်ချက်ဖြင့် **"မြန်မာတို့၏ နိုင်ငံရေး ခရီးလမ်းမကြီးနှင့် ငြိမ်းချမ်းရေးမှတ်တိုင်များ"** စာအုပ်ကို ဆရာကြီး တက္ကသိုလ်မြတ်သူက ပြုစု၍ စာပေဗိမာန်က ထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၅၀၀ ဖြင့် အမှတ် (၅၂၉- ၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## မိတ္ထီလာခရိုင်၌ နွေစပါး မျိုးစေ့ထုတ်စိုက်ခင်း ဧက ၇၀ စံကွက်ရိတ်သိမ်း

**မိတ္ထီလာ ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နွေစပါးမျိုးစေ့ထုတ် စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၌ ကျင်းပရာ နွေစပါးမျိုးစေ့ထုတ်စိုက်ဧက ၇၀ စိုက်ပျိုးထားရှိသည့်အနက် ဦးပိုင်အမှတ် ၅၊ ကွင်းအမှတ် ၈၅၄ ရှိ တောင်သူဦးထွန်းဝင်း၏ စိုက်ဧကငါးဧကကို ရိတ်သိမ်းသည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နွေစပါးများ စိုက်ပျိုးထားရှိမှု အခြေအနေနှင့် နွေစပါးစံကွက်ရိတ်သိမ်းမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာရှိ တောင်သူ ဦးထွန်းဝင်း၏ စိုက်ဧက ငါးဧကရှိ နွေစပါး (GW-11)မျိုးစပါးစိုက်ပျိုးထားမှုကို စံကွက်ရိတ်သိမ်းခဲ့ရာ စိုက်ဧက တစ်ဧက စပါးတင်း (အစို) ၁၅၃ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## မြိတ်မြို့နယ် ကန်သာယာကျေးရွာ၌ အခြေခံစက်ချုပ်နည်းသင်တန်း ဖွင့်လှစ်

**မြိတ် ဇွန် ၂၅**

မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု ကန်သာယာရွာ၌ အသေးစားကုန်ထုတ် လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဖြင့် အခြေခံစက်ချုပ်နည်းသင်တန်းကို ဇွန် ၂၄ ရက်က မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကန်သာယာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သည်။

သင်တန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသောင်းအေးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သူသူစံက စီမံကိန်းလုပ်ငန်းအကြောင်းအရာများနှင့်စပ်လျဉ်း၍ ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်က စီမံကိန်းလက်စွဲစာစောင်နှင့် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းသင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်သည်။



အဆိုပါသင်တန်းကို ဇွန် ၂၄ ရက်မှ ဇူလိုင်၂၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

## ကံမမြို့နယ်၌ နှမ်းစပါး (အောင်နိုင်တိုး) စံကွက်ရိတ်သိမ်း

**ကံမ ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် နွေစပါး(အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ယမန်နေ့က စံပယ်ခြံကျေးရွာ ကွင်းအမှတ်(၁၆၆)ရှိ တောင်သူဦးစန်းလွင်၏ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသော လယ်မြေတစ်ဧက၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသီဟက မဒေးဆည်ရေသောက်ဧရိယာတွင် သုံးသီးစိုက်ပျိုးမည့် သီးနှံပုံစံကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းစိုးမင်း ခေါင်းဆောင်သော မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများပူးပေါင်း၍ ကောင်း၊ သင့်၊ ညံ့ အဖြစ် သတ်မှတ်ထားသော စံကွက်များကို ရိတ်သိမ်းရာ နွေစပါးအစို ၁၆၂ ဒသမ ၁၁ တင်း၊ အခြောက် ၁၄၅ ဒသမ ၉ တင်း ထွက်ရှိကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



## မန္တလေး အောင်မြေသာစံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ ယနေ့နံနက်ပိုင်းက



ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေးကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရန် အသိပေးကြေညာသည့် ဗီနိုင်းများ ချိတ်ဆွဲထားရှိမှုတို့ကို ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါပူးပေါင်းအဖွဲ့တွင် ပြည်တွင်းအခွန်များဦးစီးဌာန အောင်မြေသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထိုက်စုလှိုင်နှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများပါဝင်ပြီး “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ”ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ချိတ်ဆွဲထားရှိမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**

**အိမ်မြင်ပဲ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## အပြည်ပြည်ဆိုင်ရာ သင်္ဘောသားနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၂၅**

အပြည်ပြည်ဆိုင်ရာ သင်္ဘောသားနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပသည်။

ဦးစွာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်က အပြည်ပြည်ဆိုင်ရာ သင်္ဘောသားနေ့ အထိမ်းအမှတ် ကျင်းပရခြင်း အကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် သမိုင်းကြောင်းကို ရှင်းလင်းတင်ပြခဲ့ပြီး သင်္ဘောသားများနှင့် ပတ်သက်သည့် ဗဟုသုတများအား မျှဝေဟောပြောသည်။ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် အဖွဲ့ဝင် အသင်းသားများ၏ ပညာရည်ထူးချွန်သည့် သင်္ဘောသားသားသမီးများအား ဆုချီးမြှင့်ပြီး အပြည်ပြည်ဆိုင်ရာ သင်္ဘောသားနေ့ ၂၀၂၅ အထိမ်းအမှတ် စည်းရုံးရေးဆောင်ပုဒ်ဖြစ်သော အနောင့်အယှက် ကင်းစင်- ကျွန်တော်တို့ရေယာဉ်ဗီဒီယို ဇာတ်လမ်းတိုပြိုင်ပွဲ ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အာကာလင်း**




## ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
# လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည် -

| စဉ် | ရာထူး | လစာနှုန်းကျပ် | ခန့်ထားမည့်ရာထူးနေရာ |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၀ |
| (ခ) | ငွေကိုင်-၄ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃၀ |
| (ဂ) | ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃၀ |
| (ဃ) | ရုံးအကူ/စာပို့ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁၃ |
| (င) | အစောင့် | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၇ |

၂။ အဆိုပါ ရာထူးနေရာများအား အောက်ပါ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် ယှဉ်တွဲဖော်ပြပါ အရေအတွက်အတိုင်း ခန့်အပ်သွားမည် ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အငယ်တန်းစာရေး | ငွေကိုင်(၄) | ဒု-လ/ထ ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ရုံးအကူ/စာပို့ | အစောင့် | စုစုပေါင်း ဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | ရုံးချုပ် | ၁၀ | - | ၈ | ၃ | - | ၂၁ |
| ၂ | နေပြည်တော် | ၂ | ၂ | - | ၁ | - | ၅ |
| ၃ | ကချင်ပြည်နယ် | - | ၁ | - | - | - | ၁ |
| ၄ | ကယားပြည်နယ် | - | ၁ | - | - | - | ၁ |
| ၅ | ကရင်ပြည်နယ် | - | ၁ | ၁ | ၁ | - | ၃ |
| ၆ | ချင်းပြည်နယ် | - | - | - | ၁ | - | ၁ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး | - | - | - | - | ၁ | ၁ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး | ၁ | ၁ | ၁ | - | - | ၃ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂ | ၆ | ၅ | ၁ | ၁ | ၁၅ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၁ | ၃ | ၂ | ၁ | ၁ | ၈ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | - | ၂ | ၂ | ၁ | ၁ | ၆ |
| ၁၂ | မွန်ပြည်နယ် | - | ၂ | ၂ | ၁ | - | ၅ |
| ၁၃ | ရခိုင်ပြည်နယ် | - | - | - | - | ၁ | ၁ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၃ | ၃ | ၁ | ၁ | ၁၀ |
| ၁၅ | ရှမ်းပြည်နယ် | - | ၂ | ၁ | ၁ | - | ၄ |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၂ | ၆ | ၅ | ၁ | ၁ | ၁၅ |
| | **စုစုပေါင်း** | ၂၀ | ၃၀ | ၃၀ | ၁၃ | ၇ | ၁၀၀ |

၃။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှတ်စဉ်(က)၊ (ခ)နှင့် (ဂ) လျှောက်ထားသူများသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ(သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်မြင်ပြီး၊ကွန်ပျူတာ ဆိုင်ရာကျွမ်းကျင်မှုလက်မှတ်ရရှိပြီး( ကွန်ပျူတာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ)ဖြစ်ရမည်။ ၃၁-၇-၂၀၂၅ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ပြီး၊ ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင်းဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သည့်သင်တန်းများ တက်ရောက်နိုင်သူ ဖြစ်ရမည်။ ဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(ဂ) အမှတ်စဉ် (ဃ) လျှောက်ထားသူများသည် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီး ၃၁-၇-၂၀၂၅ ရက်တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၀)နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ ဌာနတွင်အနည်းဆုံး(၅)နှစ် တာဝန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(ဃ) အမှတ်စဉ် (င) လျှောက်ထားသူများသည် အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီး ၃၁-၇-၂၀၂၅ ရက်တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၄၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ ဌာနတွင်အနည်းဆုံး(၅)နှစ် တာဝန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(င) လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ရယူ၍ လျှောက်ထားရမည်။

(စ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ၊ ငွေကြေးအရှုပ်အရှင်းကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ဘဏ်ခွဲအသီးသီးတွင်လည်းကောင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၏ Website (https://www.madb.gov.mm) တွင် download ပြုလုပ်၍သော်လည်းကောင်းထုတ်ယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည် -

(က) ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အိမ်ထောင်စုစာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် တိုင်းဒေသကြီး ပြည်နယ်/ခရိုင်/မြို့နယ် ရဲစခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊

(စ) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃) ပုံ၊

၅။ လျှောက်ထားသူများသည် လျှောက်လွှာများကို ရုံးချုပ် (စီမံခန့်ခွဲရေးဌာနခွဲ)၊ အမှတ်(၂၆/၄၂)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့နှင့်သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဘဏ်ခွဲများသို့ **၃၁-၇-၂၀၂၅** ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၆။ တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်တစ်မျိုးမျိုး ကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင် (မပျက်မကွက်)ထည့်သွင်းဖော်ပြထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၇။ လျှောက်ထားသူများအား အောက်ပါအချိန်ဇယားအတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဘဏ်ခွဲအသီးသီးတွင် အရည်အချင်းစစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်-

| စဉ် | လျှောက်ထားသည့်ရာထူး | ဖြေဆိုမည့် ဘာသာရပ် | နေ့ရက်/အချိန် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | အထွေထွေဗဟုသုတ (ရေးဖြေ) | **ရက် (၁၆-၈-၂၀၂၅) နံနက် (၉:၃၀) နာရီ မှ (၁၁:၀၀) နာရီအထိ** |
| (ခ) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်း | **ရက် (၁၆-၈-၂၀၂၅) မွန်းတည့်(၁၂:၀၀)နာရီမှ (၁၃:၀၀) နာရီအထိ** |
| (ဂ) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | လူတွေ့/နှုတ်ဖြေ | **ရက် (၁၈-၈-၂၀၂၅) နံနက် (၁၀:၃၀) နာရီ** |
| (ဃ) | ရုံးအကူ/စာပို့ | လူတွေ့ / နှုတ်ဖြေ | **ရက် (၁၈-၈-၂၀၂၅) နံနက် (၁၀:၃၀) နာရီ** |
| (င) | အစောင့် | လူတွေ့ / နှုတ်ဖြေ | **ရက် (၁၈-၈-၂၀၂၅) နံနက် (၁၀:၃၀) နာရီ** |

၈။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို **၁၃-၈-၂၀၂၅** ရက်တွင် ရုံးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဘဏ်ခွဲများတွင် ကြေညာပေးသွားမည်ဖြစ်ပြီး စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား **(မူရင်း)** ပါရှိရမည်။

၉။ ရွေးချယ်ခန့်ထားသည့်အမည်စာရင်းကို ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် ဘဏ်ခွဲများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည် -

| စဉ် | ရုံးချုပ်/တိုင်းဒေသကြီး/ပြည်နယ် | ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ |
|---|---|---|
| ၁ | ရုံးချုပ် | ၀၁-၃၉၁၂၃၂ ၊ ၀၉-၄၄၂ ၆၆၄ ၆၆၄ |
| ၂ | နေပြည်တော် | ၀၆၇-၅၅၀ ၃၄၆၊၀၆၇-၅၅၀ ၃၄၄ |
| ၃ | ကချင်ပြည်နယ် | ၀၇၄-၂၅၂ ၂၅၂၆၊၀၇၄-၂၅၂၂၃၈၁ |
| ၄ | ကယားပြည်နယ် | ၀၉-၂၅၃ ၀၁၀ ၀၂၇ |
| ၅ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၃၉၈ |
| ၆ | ချင်းပြည်နယ် | ၀၉-၄၀၀ ၃၁၁ ၈၇၁ ၊၀၇၀-၂၁၀၉၃ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၃ ၇၂၅ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၁၂၅၇ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၃ ၀၀ ၇၇၊၀၅၂-၂၂ ၃၀ ၀၂၂ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၆၆၈၀ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃ ၃၄ ၉၃၊၀၂-၄၀ ၆၉ ၇၄၀ |
| ၁၂ | မွန်ပြည်နယ် | ၀၅၇-၂၄၈၀၃ |
| ၁၃ | ရခိုင်ပြည်နယ် | ၀၉- ၉၇၀ ၂၂၀ ၇၈၉ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၆၅၀ ၄၀၁၊၀၁-၆၅၀ ၃၉၈ |
| ၁၅ | ရှမ်းပြည်နယ် | ၀၈၁-၂၁၂၂၃၉ |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၉၁၂၇၊ ၀၄၂-၂၉၁၂၆ |

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းခံရသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ ၁၁)
## ဥတ္တရခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄

ဦးဆန်းအောင် လျှောက်သူ။

ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းအုပ်စု၊ မအူလေးပင်ကျေးရွာနေ အရွယ်မရောက်သေးသူ မချောရတနာလှိုင်လှိုင်ဦး(ခ)မချောသူကို ၎င်းပိုင်သော ပစ္စည်းအကြောင်း။

ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းအုပ်စု၊ မအူလေးပင်ကျေးရွာနေ ဦးဆန်းအောင်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မချောရတနာလှိုင်လှိုင်ဦး (ခ) မချောသူကို၏ အဘိုးဖြစ်သည်ဟူ၍ ၎င်းသူ၏ ကိုယ်နှင့် ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းလျှောက်ထားသည်ဖြစ်၍ ထိုသို့ လျှောက်ထားခြင်း ကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၈ရက်(၁၃၈၇ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်) (အင်္ဂါနေ့)တွင် ဆိုင်ဆိုရန် ချိန်းဆိုလိုက်သည်။

၂၀၂၅ခုနှစ်၊ ဇွန်လ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငြိမ်းလဲ့ဝေ)
ဒုတိယခရိုင်တရားသူကြီး
ဥတ္တရခရိုင်တရားရုံး

## မိခင်အမည်မှန်

ဟုမ္မလင်းမြို့၊ ဟုမ္မလင်း ရပ်ကွက်နေ မောင်နိုင်လင်းထွန်း ၅/ဟမလ(နိုင်)၂၀၇၇၃၅ ၏ မိခင်အမည်မှန်မှာ ဒေါ်မိဆန်း ၅/ဟမလ(နိုင်)၀၈၅၉၁၆ ဖြစ်ပါ ကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ P.C.H ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 မှ ကျောင်းသား မောင်အောင်ဘုန်းပိုင်၏ဖခင် ဦးမျိုးပိုင်၏ အမည်မှန်မှာ ဦးဖြိုးခိုင် ၈/မမန(နိုင်)၁၂၂၄၈၅ ဖြစ်ပါကြောင်း။

ဦးဖြိုးခိုင်
၈/မမန(နိုင်)၁၂၂၄၈၅

## ဖခင်အမည်မှန်

ကြံခင်းမြို့နယ်၊ အထက (ခွဲ) မြောင်ကြီး G-9 တွင် ပညာသင်ကြားနေသော မောင်ကြယ်စင်ကောင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ၁၄/ကခန(နိုင်)၀၆၆၄၁၅ ဖြစ်ပါကြောင်း။

ဦးဇော်ဇော်

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(ခွဲ) ဈေးမသွယ်ကျောင်း Grade-9 မှ မပပစိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် (၁၀/သထန(နိုင်)၁၄၁၆၈၁)ဖြစ်ပါကြောင်း။

ဦးအောင်မြင့်
(၁၀/သထန(နိုင်)၁၄၁၆၈၁)

## ဦးစိန်ဝင်း ဆေးဆိုင်လုပ်ငန်းစု၏ ဂုဏ်သတင်းညှိုးနွမ်းစေရန် ဆောင်ရွက်သူများနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

(၁၁-၆-၂၀၂၅)ရက်နှင့်(၁၇-၆-၂၀၂၅)ရက်တို့တွင် Asha အမည် Facebook အကောင့်မှ ကျွန်ုပ်အမှုသည်၏ စီးပွားရေးလုပ်ငန်းစုဖြစ်သော ဦးစိန်ဝင်းဆေးဆိုင်လုပ်ငန်းနှင့်ပတ်သက်၍ ဆေးဆိုင်၏ဂုဏ်သတင်း ညှိုးနွမ်းစေရန် ရည်ရွယ်ကာ မမှန်မကန်သတင်းများရေးသားတင်ပြနေပါသည်။ ထိုအကောင့်ကို Yin Yin Than အမည် Facebook ဖြင့် အကောင့်မှလည်း ထင်ယောင်ထင်မှားဖြစ်စေသည့် စာသားများ ထပ်ဆင့်ရေးသားကာ Share ထားပါသည်။ အဆိုပါ မမှန်မကန် သတင်းများအား Like/Share/Comment လုပ်ခြင်းများ၊ Screen Shot ရိုက်၍ ဖုန်းထဲတွင်သိမ်းဆည်းထားခြင်းများအား ပယ်ဖျက်ပေးရန်နှင့် နောက်နောင် ဦးစိန်ဝင်းဆေးဆိုင်လုပ်ငန်းစုများ၏ ဂုဏ်သတင်းညှိုးနွမ်းစေမည့် အကြောင်းအရာများအား ဆိုရှယ်မီဒီယာမှသော်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်သော်လည်းကောင်း မမှန်မကန် ဖော်ပြရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ပြောဆိုခြင်းများ ထပ်မံပြုလုပ်ခြင်း၊ အထက်ပါ လုပ်ငန်းစု၏ နေအိမ်၊ ဆိုင်ခန်း၊ ရုံးခန်းများသို့ လာရောက်နှောင့်ယှက်ခြင်းများအား ပြုလုပ်ပါက ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

| လွှဲအပ်သူ | လွှဲအပ်ချက်အရ- |
|---|---|
| ဒေါ်မိ(ဘ)ဦးမောင်စိန် | ဒေါ်ကြူကြူစန်း(LL.B) |
| (ဦးစိန်ဝင်းဆေးဆိုင်လုပ်ငန်းစု) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၇၉) |
| ၁၄/ဖပန(ပြု) ၀၀၀၀၇၇ | အမှတ်(၂၁)၊ (၇)လမ်း၊ (၁၀)ရပ်ကွက်၊ |
| မဟာဗန္ဓုလလမ်း၊ (၉)ရပ်ကွက် | ဖျာပုံမြို့၊ |
| ဖျာပုံမြို့ | ဖုန်း-၀၉-၄၅၀၃၄၄၁၁၀၊ |

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)-မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)၊ မြေကွက်အမှတ်(၂၂၈)၊ မြေအမျိုးအစား(ပါမစ်မြေအမျိုးအစား)၊ မြေအကျယ်အဝန်း (အလျားပေ ၄၀x အနံပေ ၆၀)၊ (၂၄၀၀)စတုရန်းပေ ရှိသည့် ဒေါ်ခင်မေသီ ၁၂/တမန(နိုင်)၀၈၁၃၁၃ အမည်ဖြင့် ချထားပေးသော မြေချပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင်ဒေါ်ခင်မေသီထံမှ အရပ်ကတိစာချုပ်အစဉ်အဆက်များဖြင့် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူဟု အဆိုပြုသူ ဒေါ်စန္ဒာဝင်း ၈/ခမန(နိုင်)၁၉၅၂၄၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ဝယ်ယူရန်အတွက် သဘောတူညီပြီး (၂၃-၆-၂၀၂၅) ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ကိုချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်သောမြေကွက်၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များအား ယူဆောင်ကာ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲအောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၆၂၀၄)
အမှတ်(၉/၉၂)၊ ဦးပုညလမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊
ဖုန်း-၀၉-၄၄၄၂၁၄၄၄၉

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## လှည်းကူးမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၇

| ဒေါ်အေးသန္တာမြင့် | နှင့် | ဦးဇော်မင်းအောင် |
|---|---|---|
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ ပြည်တော်သာ(၉)လမ်းနေ တရားပြိုင် ဦးဇော်မင်းအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်အေးသန္တာမြင့်က "ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ . တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှု လိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းဟေမာန်နိုင်)
တွဲဖက်မြို့နယ်တရားသူကြီး
လှည်းကူးမြို့နယ်တရားရုံး

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/45319 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဒိုင်စုကျေးရွာ၊ စန္ဒာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ-၁၀) မြေကွက်အမှတ် (၂၁၅/က)၊ အကျယ်အဝန်းပေ (၂၀x၆၀)ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်မျိုးသက် ၁၂/လသယ(နိုင်)၀၅၁၉၈၇ ထံက ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးငြိမ်းသူ (၇/ကတခ(နိုင်)၁၂၂၉၇၄)မှ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယုမွန်ကျော် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၁၄/၃၀-၁၁-၂၀၂၃)
တော်ဝင်စင်တာ (၂)လွှာ၊ အမှတ် (၄၅)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၆၆၇၀၀၃၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/38067, Honda Wave -110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဆန်း ၉/မထလ(နိုင်)၁၇၃၁၅၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/4500 ယာဉ်လက်ဝယ်ရှိသူ ဦးရွှေဝင်း ၂/ဖဆန(နိုင်)၀၀၅၂၃၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/19729,Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်စန်း ၁၄/ညတန(နိုင်)၁၀၆၇၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (မအူပင်)
မအူပင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/53810, HAEJUE 10ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၅/မရန(နိုင်) ၁၄၄၁၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (မအူပင်)
မအူပင်မြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန (သန်လျက်စွန်း)နှင့် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)မှ အောက်ဖော်ပြပါပစ္စည်းများအား သတ်မှတ်ရက်နေ့တွင် မျက်မြင်အခြေအနေအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန တင်ဒါဖွင့်လှစ်မည့်ရက် (၁၀ - ၇ - ၂၀၂၅)ရက် | | | အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) တင်ဒါဖွင့်လှစ်မည့်ရက် (၂၃ - ၇ - ၂၀၂၅)ရက် | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအမည် | အရေအတွက် | စဉ် | အမျိုးအမည် | အရေအတွက် |
| က | စက်အရံပစ္စည်း | ၄၉၇၈ မျိုး | က | စက်အရံပစ္စည်း | ၁၁၂၄၁ မျိုး |
| ခ | သံပေပါခွံအဟောင်း | ၄၈၃ လုံး | ခ | သံထည်ပစ္စည်း | ၄၅ မျိုး |
| ဂ | ပစ္စည်းတင်စင် | ၄၈ စင် | ဂ | လုပ်ငန်းသုံးဆက်စပ်ပစ္စည်း | ၁၄ မျိုး |
| ဃ | သံတိုသံစအဟောင်း | ၂ တန်ခန့် | | | |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁၅) ရက် ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင်ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း -၀၉ - ၂၅၄၂၂၉၉၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိဦဝင်းဇော် ၁၂/မဘန(နိုင်)၀၄၃၇၉၄ (ဘ) ဦးထွန်းရွှေအမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၃၂၉၉)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၈/၂၀၂၁ (၄-၃-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစည်သူနေမျိုး ၇/သနပ(နိုင်)၀၈၈၃၀၁ (ဘ)ဦးသန်းဝင်းမှ ဒေါ်ဝေဇာထွန်း ၁၂/တမန(နိုင်)၀၉၈၁၀၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်သားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)ရပ်ကွက်၊ စေတနာ(၃)လမ်း၊ မြေကွက်အမှတ်(၄၅၉) ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀'x၆၀')ပေရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏မြို့မြေစာရင်းတွင် နှစ်(၆၀) မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်ဦး (TGP-၁၁၁၂၃၆) - (၁၂/လမတ(နိုင်)၀၀၄၀၃၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန်းနွဲ့ (၉/မနတ(နိုင်)၀၅၉၂၅၉)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈) အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၄၅၀၀၃၅၀၇၀

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ၊ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် တရားဝင်စာချုပ်စာတမ်းမှတ်တမ်းရုံး၌ ချုပ်ဆိုထားသည့်စာချုပ်များဖြင့် လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်များခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ အမည် | မူလ အမည်ပေါက်သူ | ရပ်ကွက် | ကွင်းအမှတ်/အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | မှတ် ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးမျိုးဦး | ဒုတိယဗိုလ်မှူးကြီး ထွန်းအေး | ခေတ္တရာ | ၁၆C/အဆင့်မြင့်အိမ်ရာ | ၁၅ | ၀.၁၁၀ | ပြောင်း |
| ၂ | ဦးထွန်းထွန်းဦး | ဦးခင်ဝင်း | ခေတ္တရာ | ၁၆C/အဆင့်မြင့်အိမ်ရာ | ၁၆ | ၀.၁၁၀ | ပြောင်း |

ကော်လိတ္တော်အရာရှိ
ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

